**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိမြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၇၅)

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ ဗုဒ္ဓဟူးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြိုလှုပ်ရှားမှု “ယဉ်ကျေးဝေဆာမေမြန်မာ၊ မျိုးဂုဏ်မပျက်ဝတ်ဆင်လျက်” ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲသို့ တက်ရောက်အားပေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးတို့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့အား ဂုဏ်ပြုပန်းစည်းချီးမြှင့်စဉ်။

နေပြည်တော် ဇူလိုင် ၁

“ယဉ်ကျေးဝေဆာမေမြန်မာ၊ မျိုးဂုဏ်မပျက်ဝတ်ဆင်လျက်” ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်အားပေးသည်။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူးပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အဆိုပါဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ဇနီး၊ တွဲဖက်အတွင်းရေးမှူး၏ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ( ထိုင်း )၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၁၈၊ ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Myanmar MOBILE MONEY anywhere anytime anyone

# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂ ရက်)

## ပါဝင်ဆင်နွှဲ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါ်ထွန်းလာသောတပ်မတော်သည် ရရှိထားသောလွတ်လပ်ရေးကြီးပြန်လည်မဆုံးရှုံးစေရေးအတွက် ကာကွယ်စောင့်ရှောက်လျက်ရှိသလို ပြည်သူလူထု၏ လိုအင်ဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံတော်တွင်အခက်အခဲများနှင့်ကြုံလေတိုင်း တပ်မတော်ကဦးဆောင်ဖြေရှင်းခဲ့၍အောင်မြင်မှုများရရှိခဲ့သည်ချည်းဖြစ်သည်။ ထိုသို့အောင်မြင်မှုများထဲတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကိုဖော်ဆောင်ပေးခဲ့သည်မှာ ထင်ရှားသည့်သာဓကဖြစ်သည်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရာတွင် ပြည်ထောင်စုမပြိုကွဲရေးအတွက်တွက်ဆ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကိုရေးဆွဲပြီး ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရသည်။ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ပေးထားသည့်အခွင့်အရေးများ၌ ဖက်ဒရယ်အခွင့်အရေးများပေးထားသည်ကို တွေ့ရသည်။

၁၉၈၈ ခုနှစ်ကတည်းက ပြည်သူများလိုလားသည့်ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရန် တပ်မတော်ကကြေညာခဲ့ပြီး အဆိုပါကြေညာထားသည့်အတိုင်း အောင်မြင်အောင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုကျင်းပခဲ့ပြီး အာဏာရပါတီကို နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးခဲ့သည်။ ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခြင်းများဆောင်ရွက်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုအချိန်က အတိုက်အခံပါတီဖြစ်သည့် NLD ပါတီအနေဖြင့် NCA ကို လက်မှတ်ရေးထိုးခြင်းမပြုရန် လှုံ့ဆော်ကန့်ကွက်မှုများရှိခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့် လက်မှတ်ရေးထိုးခြင်းမပြုခဲ့သည်မှာလည်း ထင်ရှားသောသမိုင်းမှတ်တမ်းဖြစ်သည်။

၂၀၁၅ ခုနှစ် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းတွင် တပ်မတော်အနေဖြင့် အတတ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ပုဒ်မ ၂၀၁ ဖြင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီကိုဖွဲ့စည်းထားသည်။ အဆိုပါအစိုးရသက်တမ်းကာလအတွင်း နိုင်ငံတော်အတွက် အရေးကြီးသည့်ကာလများ၌ ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးအား လုံးဝပြုလုပ်ခြင်းမရှိခဲ့သလို ဥပဒေနှင့်မညီသည့် ပြဋ္ဌာန်းချက်များအား အတည်ပြုခဲ့ပြီး ဥပဒေနှင့်မညီညွတ်သည့်ကိစ္စရပ်များစွာလုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကိုထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။ ထိုသို့တာဝန်စတင်ထမ်းဆောင်ချိန်မှစတင်၍ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ တာဝန်ပေးအပ်ရာတွင်လည်း တပ်မတော်သားများကိုသာခန့်အပ်ခြင်းမဟုတ်ဘဲ စစ်ဘက်နှင့်နယ်ဘက် မျှတအောင်တာဝန်ပေးခန့်အပ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း လုပ်ငန်းများအောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကိုတာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုမဖြစ်မနေလျှောက်လှမ်းရမည်ဖြစ်သည်။ ရှေ့လုပ်ငန်းစဉ်တွင်ပါသည့်အတိုင်း ရွေးကောက်ပွဲကျင်းပပြုလုပ်မည်ဖြစ်သည်။ ရွေးကောက်ပွဲပြုလုပ်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်နိုင်မည်ဆိုပါက အကောင်းဆုံးဖြစ်ကြောင်း၊ သို့သော် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင်လည်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသကဲ့သို့ ဖဆပလခေတ်တွင်လည်း အခက်အခဲများကြားမှ ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။ ရွေးကောက်ပွဲကျင်းပရာတွင် တရားမျှတသည့်ရွေးကောက်ပွဲ၊ အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၈၅၊ ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၅၅ တို့တွင် လွှတ်တော်ခေါ်ရာ၌ အထမြောက်သည့်အပိုင်းများကိုထည့်သွင်းရေးသားထားသည်။ ဥပဒေများအား ချိန်ထိုးကြည့်ရာတွင် ရွေးကောက်ပွဲကို အထမြောက်အောင်ဆောင်ရွက်နိုင်သည်ကိုတွေ့ရသည်။ ရွေးကောက်ပွဲကျင်းပ၍ ရွေးကောက်ခံအစိုးရဖြင့် နိုင်ငံ့အရေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွက်အကောင်းဆုံးပင်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပရန်အတွက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏အဆုံးအဖြတ်ဖြင့် ဆောင်ရွက်နိုင်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်ပါတီများအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိရမည်ဖြစ်ပြီး နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ကဝမြို့နယ်အတွင်းရှိပြည်သူများအား အထူးကုဆရာဝန်ကြီးများက ဆေးကုသမှုဆောင်ရွက်ပေး

ပဲခူး ဇူလိုင် ၁

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ဦးဆောင်မှုဖြင့် ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှအထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် ဇွန်လ ၃၀ ရက် နံနက်ပိုင်းတွင် ကဝမြို့နယ် အုန္နဲ့တိုက်နယ်ဆေးရုံသို့သွားရောက်၍ ကဝမြို့နယ်အတွင်းရှိ ရဟန်းရှင်လူပြည်သူများအား ဆေးကုသမှုများဆောင်ရွက်ပေးရာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စိုးစိုးသက်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ပဲခူးမြို့ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ကုသရေးဦးစီးဌာန၏မူဝါဒများ၊ ရည်မှန်းချက်များဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေလွှမ်းခြုံမှုတိုးတက်ရေး၊ ပြည်သူ့ဆေးရုံများ၏ ကုသမှုအရည်အသွေးမြင့်မားရေးနှင့်အညီ ဆေးရုံအခြေပြုကုသရေးလုပ်ငန်းများတိုးချဲ့ကာ ကျေးလက်ဒေသအထိ ကွင်းဆင်းဆေးကုသမှုဆောင်ရွက်ပေးကြခြင်းဖြစ်သည်။

အဆိုပါကွင်းဆင်းဆေးကုသရာသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး၊ ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များကူညီပံ့ပိုးပေးကြကြောင်း သိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၃၄၇၇၄ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဇူလိုင် ၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၃၄၇၇၄ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၄၀၃၄၅ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧက ပြည့်မီစေရန်အတွက် ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ သီးနှံစုံ ၃၄၇၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း သီးနှံစုံ ၁၄၀၃၄၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ သီးနှံစုံ ၃၄၇၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သီးနှံအလိုက် သတ်မှတ်စိုက်ဧကပြည့်မီအောင် ဆောင်ရွက်နေပါတယ်။ ဒေသခံတောင်သူတွေကိုလည်း



စိုက်ပျိုးသီးနှံအလိုက် အထွက်နှုန်းကောင်းမွန်စေဖို့နဲ့ အရည်အသွေးကောင်းသီးနှံတွေထွက်ရှိစေဖို့ စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းတွေနဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်အောင် ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရန်နှင့် စားရေရိက္ခာဖူလုံစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသတွင်းရှိ တောင်သူများကို သီးနှံအလိုက် သတ်မှတ်စိုက်ဧကများ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်ထိ မိုးသီးနှံစုံ ၃၄၇၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

တောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးရာတွင် အရည်အသွေးနှင့်အထွက်နှုန်းများ ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံသောသီးနှံများကို ရောင်းချနိုင်သည့်အတွက် ဝင်ငွေရရှိပြီး စိုက်ပျိုးတောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဒေသမရွေး သီးနှံများကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ကျောက်ဆည်မြို့နယ်၌ အခြေခံစက်ချုပ်နည်းသင်တန်းဆင်းပွဲ ကျင်းပ



ကျောက်ဆည် ဇူလိုင် ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ကျောက်ဆည်မြို့နယ် မယ်ဇယ်ပင်ကျေးရွာ၌ အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးလုပ်ငန်းစီမံကိန်းအဖြစ်ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်နည်းသင်တန်းဆင်းပွဲကို ဇူလိုင်လ ၁ ရက်တွင် မယ်ဇယ်ပင်ကျေးရွာ ပညာလက်ာရစာသင်တိုက်၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်းက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ စာတွေ့လက်တွေ့သင်ကြားပေးခဲ့သော အခြေခံစက်ချုပ်နည်းများကို ကောင်းစွာတတ်မြောက်ပြီးဖြစ်၍ ကျွမ်းကျင်စွာတတ်မြောက်စေရေး ဆက်လက်ဖွင့်လှစ်ပေးသွားမည့် မွမ်းမံသင်တန်းကို တက်ရောက်သင်ကြားသွားကြစေလိုကြောင်းနှင့် မွမ်းမံသင်တန်းတွင် ထူးချွန်သူငါးဦးရွေးချယ်၍ ထောက်ပံ့ပစ္စည်းများပေးအပ်သွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

အခြေခံစက်ချုပ်နည်းသင်တန်းဆင်းပွဲသို့ ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်လုပ်ငန်းကော်မတီဝင်များ၊ ကျေးရွာလုပ်ငန်းကော်မတီဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲအပြီးတွင် တက်ရောက်လာသူများက သင်တန်းသား၊ သင်တန်းသူများချုပ်လုပ်ထားသည့် အဝတ်အထည်များကို ကြည့်ရှုလေ့လာခဲ့ကြောင်းနှင့် သင်တန်းတွင် ပုဆိုး၊ လုံချည်၊ ဘောင်းဘီအပွ၊ သဘော်သားအင်္ကျီ၊ ဟာဝေယံအင်္ကျီ၊ ရင်စေ့၊ ရင်ဖုံး၊ ရင်ဖြတ်၊ ချိတ်ထဘီ၊ ပတ်ထဘီ၊ ကလေးဘောင်းဘီချုပ်နည်းများ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ယခုဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၄၅၈ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည်

နေပြည်တော် ဇူလိုင် ၁

ယခုဘဏ္ဍာနှစ်တွင် နိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း ၄၅၀ ကျော်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) သည် ကျေးလက်နေပြည်သူများက မိမိတို့ကျေးရွာ၏ ပကတိလိုအပ်ချက်များကိုဖော်ထုတ်၍ ဖွံ့ဖြိုးရေးအစီအစဉ်များ ချမှတ်ရေးဆွဲပြီး နိုင်ငံတော်မှခွင့်ပြုငွေဖြင့် ကျေးရွာလူထုကိုယ်တိုင် ဆောင်ရွက်သောစီမံကိန်းဖြစ်ကာ ယင်းစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ပြည်တွင်းမှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၁၉၀၆၁ ရွာမှာ ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၂၀၅ ဒသမ ၀၀၈ ဘီလီယံနဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီဘဏ္ဍာနှစ်မှာလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကို လျာထားရန်ပုံငွေ ငွေကျပ် ၆ ဒသမ ၈၇ ဘီလီယံနဲ့ ကျေးရွာပေါင်း ၄၅၈ ရွာမှာ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းကပြောသည်။

အဆိုပါစီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းများ၊ တံတားများနှင့် ကုန်ထုတ်လမ်းများတည်ဆောက်ခြင်း၊ ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး အစရှိသော လုပ်ငန်းများကို စီမံချက်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းကျေးရွာများကို ရွေးချယ်ရာတွင်လည်း သက်ဆိုင်ရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စီမံကိန်းအတွက် လိုအပ်ချက်များ၊ သတ်မှတ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးပြီး ညှိနှိုင်းရွေးချယ်ဆောင်ရွက်ကြကြောင်း သိရသည်။

**ဆောင်းဦး**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ဤလူငယ်များအနက်တွင် ကျွန်ုပ်တို့ လင်မယားကို ကြည့်မြင်တိုင်မှ ခေါ်လာခဲ့သည့် ညီဝမ်းကွဲနှစ်ယောက်အနက် အငယ်ဖြစ်သူ မောင်ဘဇံလည်း ပါလာလေသည်။ ကျွန်ုပ်တို့ ကုန်သည်လေးငါးယောက်သည် (ကျွန်ုပ်လည်း ကုန်သည်ဖြစ်နေလေပြီ။) ဝက်လက်ဘူတာမှ ပလိပ်ဘူတာသို့ရောက်အောင် ရထားတစ်တန်၊ မြင်းလှည်းတစ်တန်၊ လှေတစ်တန်၊ နွားလှည်းတစ်တန်ဖြင့် တစ်ညအိပ်ခရီးသွားကြရပြီးနောက် (ဘုန်းကြီးကျောင်း၌ အိပ်ကြသည်။) ညနေခင်းတွင်မှ ဆိုက်ရောက်သွားကြ၏။ တခြားလူငယ်များမှာ ကုန်ဝယ်သွားကြခြင်း ဖြစ်သောကြောင့် ဝန်စည်မပါ၊ ဗလာသွားကြလေရာ ကျွန်ုပ်မူကား ဆင်ကိုနာမှုန့်ကို မုန့်သေတ္တာဘူးနှင့်ထည့်၍ လွယ်အိတ်ဖြင့် လွယ်လျက်ပါလာလေသည်။ ထိုအချိန်၌ လူ့လောကတွင် ကျွန်ုပ်ပိုင်ဆိုင်သောပစ္စည်းမှာ ဤဆင်ကိုနာဘူးသာရှိပေရာ (ဤသည်မှာလည်း ညီမောင်ဖေဘက အရင်းအနှီးထူထောင်ပေးလိုက်ရှာခြင်းဖြစ်သည်။) ကျွန်ုပ်သည် လမ်းခရီးတစ်လျှောက်တွင် ဤဆင်ကိုနာဘူးကို 'အသက်ဘူး' သဖွယ် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ပါသည်။ ပလိပ်ဘူတာမှ ရထားစီးကြ၍ တိရစ္ဆာန်တွဲတစ်တွဲပေါ်၌ နေရာရကြလေရာ ကျွန်ုပ်သည် ဆင်ကိုနာဘူးကို ခေါင်းအုံး၍ အိပ်ခြင်းအားဖြင့် စောင့်ရှောက်ကာကွယ်ခဲ့၏။ မည်သည့်အရပ်သို့ တစ်ညအိပ်ခရီးသွားသည်ဖြစ်စေ၊ အိပ်ရာလိပ်မပါဘဲ သွားလေ့မရှိသောကျွန်ုပ်သည် မည်မျှကြာမည်မသိသော ဤခရီးဝေးကြီးကို မျက်နှာသုတ်ပဝါတစ်ထည်မျှနှင့် ထွက်လာခဲ့၏။ တိရစ္ဆာန်တွဲဆိုသော်လည်း နွားများအိပ်ရန်အတွက်ထင့်၊ ကောက်ရိုးများ ခင်းထားသည်ကိုတွေ့ရ၍ တော်ပါသေး၏။ သို့သော် နွားသေးစော် အနည်းငယ် တော့နံသည်။ နောက်တစ်နေ့နံနက်တွင် ပျဉ်းပုံကြီးဘူတာသို့ရောက်၍ ဂျပန်များက 'ရှေ့ဆက်မသွားတော့၊ ဆင်းကြတော့' ဟုဆိုကာ မောင်းချသည်နှင့် ခရီးသည်အားလုံးဆင်းကြရသည်။

> **"ကျွန်ုပ်သည် ပုစွန်ခြောက်သုံးပိဿာကို လွယ်အိတ်တွင် ထည့်ကာ လွယ်လျက် ကွမ်းခြံဘူတာသို့ထွက်လာခဲ့ရာ ရထားလက်မှတ်ရဖို့အရေးမှာ မလွယ်ကူကြောင်း တွေ့ရှိရလေပြီ။ အကြောင်းမူကား ရထားသည် ညနေငါးနာရီမှ ထွက်ရန်ဖြစ်သော်လည်း ကျွန်ုပ်ရောက်သွားသည့် ၁၁ နာရီ အချိန်ကတည်းက ခရီးသည်ကျူတန်းကြီးသည် လူ ၈၀ ခန့်ရှိနေပြီကို တွေ့ရသောကြောင့်ပေတည်း . . ."**

### သင်္ကန်းဝတ်များလည်း ပါသည်

ကျွန်ုပ်သည် ခရီးသည်များ၏အခြေအနေကိုကြည့်လိုက်သောအခါ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့သူများနှင့် မတူဘဲ ကျွန်ုပ်တို့လူစုကဲ့သို့ စီးပွားရေးအတွက် အရောင်းအဝယ်သွားကြသည့် ကုန်သည်များ ဖြစ်ကြပုံရသည်။ ဤအထဲတွင် သင်္ကန်းဝတ်များလည်း ၁၀ ရာခိုင်နှုန်းထက်မနည်းပါရှိကြသည်။ ကျွန်ုပ်မှာ ကြံရာမရ၍ ကုန်သည်ဖြစ်လာရခြင်းဖြစ်လေရာ သင်္ကန်းဝတ်များမှာမူ ယခုမှ အကြံရပြီး ကုန်သည်ဖြစ်လာကြဟန်ရှိပေသည်။ ကျွန်ုပ်သည် သင်္ကန်းဝတ်ဟူသောစကားကို အဓိပ္ပာယ်နှင့် သုံးနှုန်းခြင်းဖြစ်၏။ ဘူတာရုံမှ ထွက်လာကြပြီး ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်တွင် ကားတစ်စီးပေါ်သို့တက်ကြရသည့် ခရီးသည် ၃၀ ခန့်အနက် (ဤမျှသာဆံ့၍ ကျန်လူများမှာ တခြားကားများကို စောင့်မျှော်ရစ်ကြသည်။) သင်္ကန်းဝတ်သုံးပါး ပါလာ၏။ ကားထွက်သောအခါ လမ်းတွင် ၁၂ နာရီခွဲသော်လည်း ထမင်းဆိုင်ရှိသောစခန်းသို့ မရောက်သေးသည်နှင့် တချို့ခရီးသည်များက 'ကိုယ်တော်တွေ နေလွဲကုန်ရှာကြတော့မှာပဲ' ဆိုကာ ကရုဏာသံနှင့် ပြောကြ၏။ ဘတ်စကားသည် နာရီပြန်တစ်ချက်ထိုးပြီးခါမှ ထမင်းဆိုင်ရှိသော စခန်းသို့ ဆိုက်ရောက်လေရာ သင်္ကန်းဝတ်သုံးပါးတို့လည်း အနည်းငယ်မျှတွန့်ဆုတ်ခြင်းမရှိဘဲ ထမင်းသုံးပွဲမှာယူ၍ ဘုဉ်းပေးသုံးဆောင်ကြလေသည်။ ခမည်းတော်၊ မယ်တော်များ မကျန်းမာ၍ ခရီးထွက်ရခြင်းမဟုတ်၊ ကုန်ရောင်းကုန်ဝယ်အတွက် ကြွချီကြခြင်းဖြစ်သည်ဟု အတပ်သိရသောကျွန်ုပ်မှာ ၎င်းတို့အား ကဲ့ရဲ့လိုသောစိတ်မဖြစ်ပေါ်ဘဲ သာသနာတော်အတွက်သာ ဝမ်းနည်းမိပါတော့သည်။ သို့သော် ထိုခေတ်က ခရီးသွားရာ၌ ကျွန်ုပ် အထူးသတိပြုသော အခြင်းအရာတစ်ခုမှာ ကျွန်ုပ်လည်း ၎င်းတို့အတွက် ဝတ်ကြီးဝတ်ငယ်ပြုရမည်စိုးသောကြောင့် အနီး၌ မထိုင်ဘဲ တတ်နိုင်သမျှ ကွာလှမ်းအောင် ထိုင်မိခြင်းပင် ဖြစ်လေသည်။

### ပထမတစ်ချီ ကော်ပါ၏

ဘတ်စကားသည် စမ်းချောင်းရပ်ကွက် မြေနီကုန်းသို့ ညနေခင်းတွင် ဆိုက်ရောက်သွားလေရာ ဘဇံနှင့်တခြားဝက်လက်သားကလေးများမှာ ဟင်္သာတသို့သွားကြမည်ဖြစ်သောကြောင့် ကျွန်ုပ်သည် သူတို့နှင့် အတူ မတည်းခိုဘဲ ယခင်က နေခဲ့ဖူးသည့် မင်းလမ်းထဲရှိ အိမ်နီးချင်းတစ်အိမ်သို့ သွား၏။ ညီတော်မောင်နှင့် ကိုအောင်ဘော်တို့ရှိကြသည့် ဝေဠုဝန်ကျောင်းတိုက်သို့လည်း မသွား၊ သားစိုးနိုင်၏အိမ်သို့လည်း မသွားချေ။ ဝေဠုဝန်ကျောင်းတိုက်သို့ မသွားခြင်းမှာ သူတို့လူစုက ထောင်ချီ၍ မြတ်စွန်းကြပြီး ဟုတ်လှပြီဟု ခြေဖျားထောက်နေကြသည့်အထဲတွင် ကျွန်ုပ်က ဆေးမှုန့်လွယ်အိတ်ကလေးနှင့် သွားရမည်ကို ရှက်သောကြောင့်ဖြစ်၏။ သား၏အိမ်သို့ မသွားခြင်းကား 'ငါ့အဖေ စာရေးဆရာကြီး ဆေးမှုန့်သည်ဖြစ်လာလေပြီ' ဟု ရှက်များရှက်ဦးမည်လား စိုးရိမ်မိသောကြောင့် ဖြစ်လေသည်။ ကံအားလျော်စွာ မင်းလမ်းမှ ပန်းထိမ်သည် လူငယ်နှစ်ယောက်သည် ကျွန်ုပ်၏အဖြစ်ကို မြင်ကြ၍ ကြင်နာစွာ လက်ခံကြပြီးလျှင် ကျွန်ုပ်၏ ကုန်ကလေးကို ဆေးဆိုင်ရှင် ဒေါက်တာတစ်ယောက်အား ပြသရောင်းချပေးရာ ငွေ ၁၀၀၀ ကျပ်နှင့် ဈေးတည့်သည့်ပြင် နောင်ကိုလည်း ရသမျှဝယ်ယူပါမည်ဟု ကတိပြုလိုက်လေသည်။ ဤတွင် ကျွန်ုပ်ကား ကုန်သည်အလုပ်သည် မဆိုးလှဟု ဝမ်းသာကြည်နူးခြင်း ဖြစ်မိပါသေးသည်။ ဆေးရောင်းပေးသူညီနောင်တို့အား ထိုက်သင့်သလောက် ပေးကမ်းပြီးနောက် ကျွန်ုပ်သည် ရွှေပုစွန်ခြောက်သုံးပိဿာဝယ်၍ ဝက်လက်သို့ ပြန်လာခဲ့သည်။ ထိုနေ့မှာ ၁၉၄၃ ခုနှစ် ဩဂုတ်လတစ်ရက်ဖြစ်၍ ဂျပန်က မြန်မာပြည်ကို လွတ်လပ်ရေးပေးသည်ဆိုကာ ကြေညာသည်နှင့် တချို့လူများ အတော်ဝမ်းသာနေကြသောနေ့ဖြစ်၏။ ကျွန်ုပ်သည် ထိုအချိန်တွင် သတင်းစာဘက်၌ လုပ်လာခဲ့သည်မှာ နှစ်ပေါင်းအတန်ကြာခဲ့၍ ဆရာတော်ဦးဥတ္တမနှင့်လည်း အလွန်ရင်းနှီးစွာ ဆက်ဆံခဲ့ဖူးပါလျက် ကျွန်ုပ်၌ အလုပ်လက်မဲ့ဖြစ်ရခြင်း၊ အသွားအလာခက်ခဲခြင်းတို့လောက်ကိုသာ တွေ့ရသည်ဖြစ်သောကြောင့် လွတ်လပ်ရေးပေးသည်ဆိုခြင်းအတွက် စိုးစဉ်းမျှပင် ဝမ်းမသာတတ်ကြောင်းကို ပွင့်လင်းစွာဝန်ခံပါသည်။

### သစ္စာရှိသော ခွေး

ကျွန်ုပ်သည် ပုစွန်ခြောက်သုံးပိဿာကို လွယ်အိတ်တွင်ထည့်ကာ လွယ်လျက် ကွမ်းခြံဘူတာသို့ထွက်လာခဲ့ရာ ရထားလက်မှတ်ရဖို့အရေးမှာ မလွယ်ကူကြောင်း တွေ့ရှိရလေပြီ။ အကြောင်းမူကား ရထားသည် ညနေငါးနာရီမှ ထွက်ရန်ဖြစ်သော်လည်း ကျွန်ုပ်ရောက်သွားသည့် ၁၁ နာရီ အချိန်ကတည်းက ခရီးသည်ကျူတန်းကြီးသည် လူ ၈၀ ခန့်ရှိနေပြီကို တွေ့ရသောကြောင့်ပေတည်း။ ကျွန်ုပ်လည်း ရောက်သည်နှင့်တစ်ပြိုင်နက် ထုံးစံအတိုင်း နောက်ဆုံးမှ ဝင်၍ရပ်ရပါသည်။ အသိမိတ်ဆွေဟူသည်မှာ (တကယ်ကြင်နာမှုရှိခဲ့လျှင်) နိမ့်သည်၊ မြင့်သည် မရွေး၊ အားကိုးရခြင်းကို ဤတစ်ကြိမ်ကိုယ်တွေ့ကြုံခဲ့ရဖူးပါသည်။ ကျွန်ုပ်သည် ကျူတန်းထဲတွင် ရပ်လျက်ရှိစဉ် ကျွန်ုပ်၏နောက်မှ တဖြောက်ဖြောက် ရောက်လာကြသူများလည်း ဝင်၍ရပ်ကြသဖြင့် ၁၀ ယောက်ထက်မနည်းရှိကြလေပြီ။ ထိုအခါ ကျွန်ုပ်၏ နောက်ဆီမှ 'ဆရာကီး ဘယ်လိုလဲ'ဟု မေးလိုက်သဖြင့် လှည့်၍ကြည့်လိုက်ရာ ပီမိုးနင်းနှင့် အဖွဲ့ကျ၍ တရုတ်တန်းဘက်တွင် ကျက်စားကြစဉ်က ကျွန်ုပ်တို့၏အခိုင်းအစေဖြစ်ဖူးသည့် တရုတ် 'ပြောင်းထိုးသမား ' အုပ်ပေါင်း'ဖြစ်ကြောင်း တွေ့ရ၏။ တရုတ်တန်းတစ်ခွင်၌ ကျက်စားဖူးစဉ်ကမူ အုပ်ပေါင်းသည် ကျွန်ုပ်အပေါ်၌ သစ္စာရှိသောခွေးပမာ ခင်မင်၍ ကျွန်ုပ်ခိုင်းစေသမျှကို သွက်လက်စွာနှင့် လိုလိုချင်ချင် ဆောင်ရွက်တတ်သည့်အလျောက် ကျွန်ုပ်ကလည်း ဖောဖောသီသီပေးကမ်းထားဖူးသူ ဖြစ်လေသည်။ တရုတ်တန်းရပ်ကွက်၌ တရုတ်ဘိန်းစားများအနက်တွင် ကျွန်ုပ်ကို ကြည်ညိုလေးစားသူ အလွန်ပေါများသည်နှင့် တစ်နေ့သ၌ ကိုခင်မောင်တင့်က 'ဒီလူစုတွေထဲမှာတော့ ဘုရင်တစ်ပါးပါပဲ' (Uncrowned King) ဟု ပြောဖူးလေသည်။ ကျွန်ုပ်၏ဝါသနာမှာလည်း ကျွန်ုပ်ကို ခင်မင်လေးစားသောသူများ၏ နိမ့်ကျမှုကြောင့် ရှက်တတ်သည် မရှိ။ ကလေးများ (ယုတ်စွအဆုံး) ခွေးများက ချစ်ခင်ကြသည်ဆိုလျှင်လည်း ဝမ်းမြောက်စွာ ဂုဏ်ယူလိမ့်မည်သာဖြစ်လေသည်။

အုပ်ပေါင်းသည် ကျွန်ုပ်ထံသို့ ချဉ်းကပ်လာရာ ကျွန်ုပ်က အကျိုးအကြောင်းကို ပြောပြသောအခါ၌ 'ဒီလိုဆို ဆရာကီး ဖယ်ပါ၊ ကျွန်တော်ရပ်နေပါမယ်'ဟု ပြောသည်နှင့် သူ့အား နေရာဖယ်ပေး၍ ကျွန်ုပ်ကမူ သစ်ပင်ရိပ်အောက်သို့ သွား၍ထိုင်နေလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲကျင်းပ

သထုံ ဇူလိုင် ၁

မွန်ပြည်နယ် သထုံမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၈၈) စက်မှုလယ်ယာစခန်းနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(သထုံ)တို့ ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၁ ရက်တွင် မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးရဲမြင့်က သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်နှင့် သင်တန်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် သထုံခရိုင်စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးအောင်ခန့်ကျော်တို့က သင်တန်းသား၊ သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများနှင့် သင်တန်း ID ကတ်များပေးအပ်သည်။

အဆိုပါသင်တန်းတွင် ဒေသတွင်း လယ်ယာလုပ်ငန်းခွင်များ၌ အသုံးပြုမှုများသည့် တစ်လုံးထိုးလက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်ခြွေစက်နှင့် ကောက်စိုက်စက်များအား စနစ်တကျမောင်းနှင်နည်းနှင့်ပြုပြင်ထိန်းသိမ်းနည်းများကို စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(သထုံ)မှ ကျောင်းသား၊ ကျောင်းသူများအား စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်နည်းပြများက ဇူလိုင်လ ၁ ရက်မှ ၁၂ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့



# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး



နေပြည်တော်  ဇူလိုင်  ၁

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် CPU အဖွဲ့ဝင်များတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများအား ယခုကဲ့သို့ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းကို ကျင်းပခြင်းအားဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သော အသိအမြင်များတိုးပွားလာမည့်အပြင် အစိုးရဌာန၊ အဖွဲ့အစည်းများရှိ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့်လည်း အဂတိလိုက်စားမှုမြောက်နိုင်သော ကိစ္စရပ်များ၊ နိုင်ငံတော်နစ်နာဆုံးရှုံးမှုကြောင့် အဂတိလိုက်စားမှုဖြစ်စေနိုင်သော ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကိုသိရှိနားလည်၍ အဂတိလိုက်စားမှုဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်လာနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဆိုသည့် နည်းလမ်းသုံးသွယ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အနေနှင့် ဥပဒေပါရည်ရွယ်ချက်ဖြစ်သည့် အများပြည်သူဆိုင်ရာကဏ္ဍတွင် ဝန်ဆောင်မှုပေးနေသည့် နိုင်ငံ့ဝန်ထမ်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည့်မေးမြန်းမှုများကို ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦး ခေါင်းဆောင်၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့်တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်းသိရသည်။

မြဝတီ

## “သစ္စာစကား”

❖ ဖြစ်ချင်တာကို
ချစ်ခင်စွာ ဆိုကြပါလျှင်. . .။

❖ အိပ်မက်အသီးသီး
ရှေ့ခရီးတွက်
နည်းလမ်းဖွေရှာ
သင်, သူ, ငါတို့
မျက်နှာစုံညီ၊ ဆွေးနွေးသည်က
ပြည်သူကြည်သာ၊ ပြည်ရွာအေးချမ်း
ဝမ်းပန်းတသာ ရှိမည်တကား။

❖ စကားဝိုင်းတွေ
တွေ့ဆုံပွဲတွေ
ဆွေးနွေးပွဲတွေ
ညှိနှိုင်းပွဲတွေ
နေရာအနှံ့၊ ပြန့်ထက်ပြန့်အောင်
ရှင်းသန့်အတွေး၊ နွေးထွေးစိတ်ရင်း
ချစ်ခြင်းတရား၊ လက်ကိုင်ထားကာ
သားချင်းသွေးချင်း၊ နောင်ညီရင်းတို့
ရိုင်းပင်းလုပ်ဆောင် စေချင်ပြီ။
ဘေးကင်းလုံခြုံ ချင်ပါပြီ။
ပြည်သူအားလုံး မျှော်နေသည်။ ။

မျိုးမြတ်မြတ်မြင့်မောင်

(ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကြိုဆိုလျက်. . .)

# မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်တင်ပွဲ၊ သွေးလှူဒါန်းပွဲကျင်းပ



စစ်တွေ  ဇူလိုင်  ၁

ဇူလိုင်လ ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်တင်ပွဲနှင့် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့နှင့်ခုတင်(၅၀၀)ဆံ့အထွေထွေရောဂါကုဆေးရုံကြီးတို့၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဆိုင်းဘုတ်တင်ပွဲကို ဦးဥတ္တမပန်းခြံရှေ့၌ကျင်းပရာ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့အထွေထွေရောဂါကုဆေးရုံကြီး၌ မြန်မာအမျိုးသမီးများနေ့အကြိုအထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ ကျန်းမာရေးဝန်ထမ်းများက စုပေါင်းသွေးလှူရှင်များကို သွေးလှူဒါန်းနိုင်ရန်အတွက် လိုအပ်သည့်ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် သွေးလှူဒါန်းကြသူများကို အာဟာရဖြည့်စွက်စာများ ပေးအပ်ကြပြီး သွေးလှူဒါန်းရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြသည့် ကျန်းမာရေးဝန်ထမ်းများကို ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်းသိရသည်။

တင်ထွန်း(ပြန်/ဆက်)

## ၁-၇-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၈၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၀˚c |
| ရန်ကုန် | ၂၄˚c | / | ၃၄˚c |
| မန္တလေး | ၂၆˚c | / | ၃၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ကန့်ဘလူမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ကန့်ဘလူ ဇူလိုင် ၁

၂၀၂၅ ခုနှစ် ဇူလိုင်လ ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇူလိုင်လ ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်ရှိ ခရိုင်စုပေါင်းရုံး ရွှေဆည်မြိုင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးအေးအောင်က ပထမဆုရရှိသူ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ညောင်အိုင်မှ မရှင်းသီရိထွန်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးနွဲ့ဝင်းက ဒုတိယဆုရရှိသူ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ညောင်အိုင်မှ မနှင်းယဉ်သူ၊ ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နီဝင်းနိုင်က တတိယဆုရရှိသူ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ကန့်ဘလူ)မှ မောင်တည်ခန့်အောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးစိုးက နှစ်သိမ့်ဆုရရှိသူ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ကန့်ဘလူ)မှ မချောစုယဉ်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်သီရိစံက နှစ်သိမ့်ဆုရရှိသူ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ကန့်ဘလူ)မှ မမိုးပြည့်ပြည့်ဖြိုး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန္ဒာအောင်က နှစ်သိမ့်ဆုရရှိသူ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ကန့်ဘလူ)မှ မအိမ့်ကြည်ဖြူမောင်တို့ကို ဆုများ အသီးသီးချီးမြှင့်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



# သာကေတမြို့နယ်၌ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်း၌ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ သရုပ်ပြပွဲနှင့်အားကစားပစ္စည်းပေးအပ်လှူဒါန်းပွဲကို မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဇူလိုင်လ ၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ သာကေတမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးဦးသက်နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တိုက်ကွမ်ဒိုအားကစားနည်းဖြင့်သရုပ်ပြသပြီး သရုပ်ပြအဖွဲ့အား သာကေတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၁)ဗိုလ်မှူးသူရိန်ဇော်နှင့် သာကေတမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ယမင်းထက်က ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် သာကေတမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထက်ထက်ဝေက မြန်မာ့တိုင်းရင်းဆေးအကြောင်းသိကောင်းစရာ၊ သာကေတမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်ခင်ကောင်းစံက အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးခေါင်းစဉ်နှင့် သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မို့မို့သူက လူငယ်နှင့်စာပေခေါင်းစဉ်တို့ဖြင့် အသိပညာပေးဟောပြောပြီး ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက တတ်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများကို အမေးအဖြေများမေးမြန်းပြီး ဖြေဆိုနိုင်သူများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

သဲထက်ဇင်(ပြန်ဆက်)

# စလင်းမြို့နယ်၌ သီးနှံစိုက်တောင်သူများ သီးနှံအထွက်နှုန်း တိုးတက်စေရေး စိုက်ပျိုးရေး သွင်းအားစုများပေးအပ်

စလင်း ဇူလိုင် ၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီတွင် ဒေသတွင်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးနှင့် သီးနှံအထွက်နှုန်းတိုးတက်စေရေး သီးနှံစိုက်တောင်သူများအတွက် စိုက်ပျိုးရေးသွင်းအားစုများပေးအပ်ပွဲကို ဇူလိုင်လ ၁ ရက်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် စလင်းမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများပူးပေါင်း၍ သီးနှံအထွက်နှုန်းတိုးတက်စေရေးစံပြကွက်များအဖြစ် စပါးဧက ၅၀၊ မြေပဲ ၁၀ ဧက၊ နှမ်း ၁၅ ဧက၊ ပဲတီစိမ်းငါးဧကနှင့် ပိုက်ဆန်လျှော်မျိုးစေ့ထုပ် ၁၀ ဧကကိုစိုက်ပျိုးထားပြီး အကျိုးဆောင်တောင်သူများအတွက် စိုက်ပျိုးရေးသွင်းအားစုများကို ပေးအပ်ရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဒေသတွင်းသီးနှံအထွက်နှုန်းတိုးတက်စေမည့် စိုက်ကွင်းလုပ်ငန်းစဉ်များကို အသိပညာပေးစာစောင်ဖြန့်ဝေပေးခြင်း၊ ကွင်းဆင်းအသိပညာပေးဆောင်ရွက်ခြင်း၊ သီးနှံအထွက်တိုးမျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးစေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးကပြောသည်။

စလင်းမြို့နယ်ရှိ ဒေသခံတောင်သူများအတွက် ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီတွင် ဒေသနှင့်ကိုက်ညီဖြစ်ထွန်းသည့် စပါးမျိုး ၆၃ တင်း၊ မြေပဲ ၁၈ တင်း၊ နှမ်းတစ်တင်း၊ ပဲတီစိမ်း လေးတင်း၊ ပဲစဉ်းငုံတစ်တင်းနှင့် နေကြာ ၆၅ ဧက၊ ပိုက်ဆန်လျှော် ၆၈ ဧက၊ ချည်မျှင်ရှည်ဝါ ဧက ၄၆၀ အတွက် မျိုးစေ့များကို တောင်သူများထံ ဖြန့်ဖြူးထားရှိပြီးဖြစ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)




# ရေးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ရေးနှင့် ရှေးဦးသူနာပြုစုနည်း လေ့ကျင့်ရေးသင်တန်းဖွင့်လှစ်

ရေး ဇူလိုင် ၁

မွန်ပြည်နယ် ရေးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်နှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ရေးနှင့် ရှေးဦးသူနာပြုစုနည်းလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲကို ဇွန်လ ၃၀ ရက်က ရန်မျိုးအောင်ရပ်ကွက် မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့(ခေတ္တ) ဥက္ကဋ္ဌ ဗိုလ်မှူးအေးမင်းကျော်က အဖွင့်အမှာစကားပြောကြားပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲနီထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ သင်ကြားပို့ချပေးမည့်ဘာသာရပ်များအလိုက် လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူကြစေလိုကြောင်းနှင့် သင်တန်းမှရရှိသည့်ပညာရပ်ဖြင့် ပြည်သူအကျိုးပြုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြစေလိုကြောင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းဌေးအောင်က ရှာဖွေကယ်ဆယ်ခြင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာကျော်မျိုးထက်က သဘာဝဘေးအန္တရာယ်ခံစားရသူများကို ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးခြင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးဦးစိုင်းအောင်ပိုင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာကြိုတင်ကာကွယ်ခြင်းများ၊ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ခံ ဒေါ်ထက်ဝါဝါမှူးက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပတ်ဝန်းကျင်ဆိုင်ရာထိန်းသိမ်းခြင်းနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးနိုင်ဇော်လတ်က ရှေ့ခံဖြစ်သည့်လူနာပြုစုခြင်း၊ ဒဏ်ရာအမျိုးအစားအလိုက် ပတ်တီးစည်းနှောင်ခြင်းနှင့် အခြေခံအသက်ကယ်အထောက်အကူပြုခြင်း(CRP)ဘာသာရပ်များကို ဇွန်လ ၃၀ ရက်မှ ဇူလိုင်လ ၄ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ရှင်းသန့်ဖြူ

# ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် မွေးမြူရေးရေထွက်ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး

ဝေလင်းမောင်
(ငါးဦးစီး)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်တွင် မြန်မာနိုင်ငံ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေး ကော်မရှင်ကိုအဖွဲ့ဝင် ၁၆ ဦးဖြင့်ဖွဲ့စည်းခဲ့သည်။ ကော်မရှင်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊

(၂) စားရေရိက္ခာဖူလုံရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်စေရန်၊

(၃) စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ပြည်တွင်းဖူလုံပြီး ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်ရေးနှင့် ဈေးကွက်ဝေစုရရှိရေးကိုဖော်ဆောင်ရန်၊

(၄) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော ရေရှည်တည်တံ့သည့် စိုက်ပျိုးမွေးမြူရေးစနစ်များကိုဖော်ဆောင်ရန်၊

(၅) လယ်ယာကဏ္ဍနှင့်ဆက်စပ်လုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများမြှင့်တင်နိုင်ရန်၊

ထို့ပြင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ (၂၁)ချက်ရှိသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့်ကော်မရှင်၏ရည်ရွယ်ချက်ပါအတိုင်း ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေချိုငါးမွေးကန်၊ ရေငန်ပုစွန်မွေးကန်ဧကများ တိုးချဲ့နိုင်ရေးအတွက်ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်အထိ ၂၁၈၄၅ ဒသမ ၇၀ ဧက တိုးချဲ့နိုင်ရေးအတွက် နှစ်အလိုက် လျာထားဆောင်ရွက်လျက်ရှိသည်။ ငါးလုပ်ငန်းဦးစီးဌာနနှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတို့၏ စိစစ်ချက်များအရ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်များရှိ အမှန်တကယ်မွေးမြူလျက်ရှိသော ငါးမွေးမြူကန် ၃၃၁၄၁၇ ဒသမ ၄၈၁ ဧက၊ ပုစွန်မွေးမြူကန် ၁၃၈၂၀၀ ဒသမ ၄၄ ဧကနှင့် ကဏန်းမွေးမြူကန် ၂၄၉၁ ဒသမ ၅၇၀ ဧက စုစုပေါင်း ငါး၊ ပုစွန်၊ ကဏန်းမွေးကန်ဧကပေါင်း ၄၇၂၁၀၉ ဒသမ ၄၉၁ ဧက ရှိသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှုတိုးတက်စေရေးအတွက် ငါး၊ ပုစွန် တိုးချဲ့မွေးမြူရန် လျာထားချက်မှာ ရေချိုငါးမွေးမြူကန် စုစုပေါင်း ၁၀၈၃၂ ဒသမ ၉၈ ဧကနှင့် ရေငန်ပုစွန်မွေးမြူကန်စုစုပေါင်း ၁၁၀၁၂ ဒသမ ၇၂ ဧက၊ ရေချို/ရေငန် ငါး၊ ပုစွန်မွေးကန်ဧက စုစုပေါင်း ၂၁၈၄၅ ဒသမ ၇၀ ဧကအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်အထိ နှစ်အလိုက်လျာထားပြီး တိုးချဲ့မွေးမြူရန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ငါး၊ ပုစွန်မွေးမြူရေးဧရိယာများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ လက်ရှိ







မွေးမြူလျက်ရှိသော ကန်များမှမြေအသုံးချခွင့်ရရှိပြီးသည့် မွေးမြူကန်ဧရိယာမှာ ၁၈၀၅၅၆ ဒသမ ၃၂၈ ဧကရှိသည်။ မြေအသုံးချခွင့်ရရှိရေး လျှောက်ထားရန်ကျန်သည့်ကန်ဧရိယာ ၂၀၃၉၃၈ ဒသမ ၈၀၄ ဧကရှိပြီး လျှောက်ထားဆဲ ကန်ဧရိယာမှာ ၅၆၆၀၇ ဒသမ ၈၂၂ ဧကရှိသဖြင့် ခွင့်ပြုချက်များရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ဦးစီးဌာနမှူးများက တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

**ပုဂ္ဂလိကကဏ္ဍမှ ငါးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများ**

တစ်ယူနစ်ဧရိယာ ငါးထွက်ရှိမှုတိုးတက်ရေးအတွက် မွေးမြူကန်ရေပြင်အား အပြည့်အဝ အကျိုးရှိစွာအသုံးချစေပြီး ဈေးကွက်ဝင်ငါးမျိုးများ အချိုးကျထည့်သွင်းမွေးမြူ၍ အစာပြည့်ဝစွာကျွေးမွေးနိုင်ရန် အားပေးဆောင်ရွက်လျက်ရှိသည်။

အထူးကြပ်မတ်ဂရုစိုက်မွေးမြူခြင်း (Intensive Plus) နည်းစနစ်ဖြင့် ပုစွန်ဖြူ (Penaeus vannamei)အား ဧရာဝတီတိုင်းဒေသကြီးတွင် ၁၁၅ ဒသမ ၉၆ ဧကနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၂၂၁၇ ဒသမ ၅၆ ဧကခန့် မွေးမြူလျက်ရှိပြီး ရေငန်ပုစွန်ဖြူ မွေးမြူထုတ်လုပ်ခြင်းအား တနင်္သာရီတိုင်းဒေသကြီး၌ကုမ္ပဏီသုံးခုမှ အဆင့်မြင့်ကန်ကျပ်မွေးမြူနည်းစနစ်ဖြင့် မွေးမြူထုတ်လုပ်လျက်ရှိပြီး တစ်ဟက်တာပုစွန်ကန်တစ်ကန်လျှင် မွေးမြူရက်ကာလ ၈၀ မှ ၁၀၀ ရက်အတွင်း တန်ချိန် ၁၅ တန်မှ ၂၅ တန် အကြားထွက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြေဧရိယာ ၁၀၆၅၇ ဒသမ ၇၇ ဧကတွင် ပုစွန်တိုးချဲ့မွေးမြူရေးဇုန်များ ဖော်ထုတ်ဆောင်ရွက်လျက်ရှိပြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ ခွင့်ပြုနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ကန်ကျပ်စနစ်မွေးမြူပြီး အထွက်နှုန်းတိုးရေး မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းသို့ တိုက်တွန်းဆောင်ရွက်လျက်ရှိသည်၊ ယခုအခါ ရေချိုငါးမွေးမြူခြင်းလုပ်ငန်းအား အဆင့်မြင့်မွေးမြူထုတ်လုပ်လာကြပြီး ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ Global Earth Agro & Aqua Industry Public Company Limited မှတစ်ဟက်တာ ၂ ဒသမ ၅ ဧကလျှင် ငါးပိဿာ ၁ ဒသမ ၅ သိန်းအထိ ထွက်ရှိနိုင်သည့် နည်းစနစ်များဖြင့် မွေးမြူထုတ်လုပ်လျက်ရှိသည်။

**Global Earth Agro & Aqua Industry Public Co., Ltd. (GEAA)**

Global Earth Agro & Aqua Industry Public Co., Ltd. (GEAA) သည် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် စနစ်ဟောင်းငါးမွေးမြူခြင်းမှ Export Income ပိုမိုရရှိရန်နှင့် အလုပ်အကိုင်အသစ်များဖော်ထုတ်ပေးနိုင်ရန် ခေတ်မီငါးသားပေါက်စခန်း၊ အသားတိုးငါးတန်မွေးမြူရေးနှင့် အစာထုတ်လုပ်ခြင်း၊ ငါးပြုပြင်ထုတ်လုပ်မှု၊ အခဲခံမှု၊ ငါးကုန်ချောထုတ်လုပ်မှု၊ အအေးခန်းသိုလှောင်မှုနည်းစနစ်များပါဝင်၍ ငါးနှင့်ပတ်သက်သောအစားအစာများထုတ်လုပ်ပြီး မြန်မာ့ရေထွက်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ဝင်ရောက်နိုင်ရန် GEAA မှ ဆောင်ရွက်လျက်ရှိသည်။

GEAA မှ တစ်လလျှင် ငါးတန် တန်ချိန် ၅၀၀ မက်ထရစ်တန်အထိထုတ်လုပ်၍ ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးလျက်ရှိပြီး တစ်နေ့လျှင် ငါးတန်ချိန် ၁၀ မက်ထရစ်တန်မှ ၂၅ မက်ထရစ်တန်အထိ ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးလျက်ရှိသည်။

**ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်**

ပုစွန်မွေးမြူရေးကန် တစ်ကန်လျှင် ပုစွန်သားပေါက်ကောင်ရေ ၁၅ သိန်းနှုန်း ထည့်သွင်း၍ ရက်ပေါင်း ၈၀ မှ ၁၀၀ အတွင်း မွေးမြူလျက်ရှိပြီး ပုစွန်ဖြူတန်ချိန် ၁၅ မက်ထရစ်တန်မှ ၂၅ မက်ထရစ်တန် အထိ ထွက်ရှိပြီး တစ်နှစ်လျှင် ကန် ၆၄ လုံးမှ ပုစွန်ဖြူတန်ချိန် ၃၅၀၀ မက်ထရစ်တန် ထွက်ရှိသည်။

**ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Good Aquaculture Practices – GAqP) အကောင်အထည်ဖော်ဆောင်ခြင်း**

ရေသတ္တဝါများ မွေးမြူထုတ်လုပ်ရာ၌ နိုင်ငံအဆင့်နှင့်နိုင်ငံတကာအစားအစာများ ဘေးအန္တရာယ်ကင်းစင်မှု စံချိန်စံညွှန်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသော မွေးမြူထုတ်လုပ်မှုကျင့်စဉ်အား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်အခွင့်အလမ်းများပေါ်များပြီး နိုင်ငံတကာဈေးကွက်သို့တင်ပို့နိုင်ရန်၊ စားသုံးသူများအစားအစာ ဘေးအန္တရာယ်ကင်းစွာဖြင့် ယုံကြည်စိတ်ချစွာစားသုံးနိုင်သည့်အခွင့်အလမ်းများရရှိရန် ရည်ရွယ်လျက် GAqP နှင့် BAP စနစ်ဖြင့် မွေးမြူထုတ်လုပ်ရေး အားပေးဆောင်ရွက်လျက်ရှိသည်။ ငါးမွေးတောင်သူများအား GAqP နှင့်ပတ်သက်၍ သိရှိနားလည်စေရန်နှင့် GAqP စနစ်နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရန် သင်တန်းများစဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချလျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် GAqP သင်တန်း/ဟောပြောပွဲ ၈၃ ကြိမ် ဦးရေ ၂၁၆၃ ဦးအား သင်တန်းဖွင့်လှစ်ဟောပြောပို့ချပေးခဲ့သည်။ ငါး/ပုစွန်/ ကဏန်းမွေးကန် ၄၃၆၅ ဒသမ ၉၇ ဧကအတွက် GAqP Certificate ၁၆ ခု ထုတ်ပေးခဲ့ပြီးဖြစ်သည်။

**ရန်ကုန်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုမွေးမြူရေးငါးနှင့် ငါးသလောက် Chilled Type များ တိုက်ရိုက်တင်ပို့နိုင်မှုအခြေအနေ**

ရေချိုမွေးမြူရေးငါးများအား စစ်တွေနှင့် မောင်တောနယ်စပ် ထွက်ပေါက်များမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လျက်ရှိရာမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာလနောက်ပိုင်းမှစ၍ ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်နေသည့် အခြေအနေများကြောင့် စစ်တွေနှင့် မောင်တောစခန်းများမှ တင်ပို့နိုင်ခြင်းမရှိတော့သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်မှဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ်ဆိပ်ကမ်းသို့ VMS တပ်ဆင်ထားသော ငါးသယ်ရေယာဉ်များဖြင့် တိုက်ရိုက်တင်ပို့နိုင်ရေးကို ကုန်သွယ်မှုဆိုင်ရာ ဆက်စပ်ဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ခဲ့သည်။

၄-၃-၂၀၂၄ ရက်မှ ၁၀-၁၂-၂၀၂၄ ရက်အထိ ကုမ္ပဏီ ခုနစ်ခုမှ ငါးသယ်ရေယာဉ် ၂၀ စင်းဖြင့် တန်ချိန် ၂၀၈၀ ဒသမ ၀၇၂ မက်ထရစ်တန် တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၈၀ သန်း တင်ပို့နိုင်ခဲ့ပြီးဖြစ်သည်။ တင်ပို့ခဲ့သော ငါးအမျိုးအစားများမှာ ရေချိုမွေးမြူရေးငါး (ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွ)နှင့် ရေငန်ငါးသလောက်(Chilled Type) များဖြစ်သည်။

**ရန်ကုန်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်စုံလှေများဖြင့်ငါးခြောက်တင်ပို့မှု အခြေအနေ**

၂၀၂၃ ခုနှစ်နိုဝင်ဘာလနောက်ပိုင်းမှစ၍ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသည့်အခြေအနေများကြောင့် စစ်တွေနှင့်မောင်တောစခန်းများမှ တင်ပို့နိုင်ခြင်းမရှိတော့သဖြင့် ရန်ကုန်မှဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ်ဆိပ်ကမ်းသို့ ကုန်စုံလှေများဖြင့် ကုန်သွယ်မှုဆိုင်ရာဌာနများ၏ ပို့ကုန်ဆိုင်ရာ စာရွက်စာတမ်း များနှင့်အတူ ငါးခြောက်မျိုးစုံ

စာမျက်နှာ ၈ သို့ ●

| မွေးမြူရေးရေငန်ပုစွန်ဖြူ | | | | |
|---|---|---|---|---|
| ဘဏ္ဍာရေးနှစ် | တိုးချဲ့မည့်ကန်/ဧက | ထွက်ရှိတန်ချိန် | (၁) မက်ထရစ် တန်နှုန်း | မျှော်မှန်းဝင်ငွေ |
| ၂၀၂၅-၂၀၂၆ | ၃၄၀ + ၅၀၀ = ၈၄၀ ဟက်တာ (၂၁၀၀ ဧက ) | ၃၇၈၀၀ တန် | ၅၅၀၀ USD | ၂၀၇ သန်း |
| ၂၀၂၆-၂၀၂၇ | ၈၄၀ + ၅၀၀ = ၁၃၄၀ ဟက်တာ (၃၃၅၀ ဧက ) | ၆၀၃၀၀ တန် | ၅၅၀၀ USD | ၃၃၁ သန်း |

| ငါးတန် | | | | |
|---|---|---|---|---|
| ဘဏ္ဍာရေးနှစ် | အမျိုးအစား | ထွက်ရှိတန်ချိန် | (၁)မက်ထရစ်တန်နှုန်း | မျှော်မှန်းဝင်ငွေ |
| ၂၀၂၅-၂၀၂၆ | အသားလွှာ | ၅၀၀၀၀ တန် | ၁၀၀၀-၁၅၀၀ USD | ၅၀-၇၅ သန်း |
| ၂၀၂၆-၂၀၂၇ | အသားလွှာ | ၁၅၀၀၀၀ တန် | ၁၀၀၀-၁၅၀၀ USD | ၁၅၀-၂၂၅ သန်း |

● **စာမျက်နှာ ၇ မှအဆက်**

တင်ပို့နိုင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် မေလ၊ ဩဂုတ်လနှင့် နိုဝင်ဘာလအတွင်း ကုမ္ပဏီသုံးခုမှ ငါးခြောက် တန်ချိန် ၁၃၉၂ ဒသမ ၄၈၀ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၃၆ သန်း တင်ပို့ခဲ့ပြီးဖြစ်သည်။ တင်ပို့ခဲ့သော ငါးခြောက်အမျိုးအစားမှာ ငါးနီတူခြောက်၊ ဆာဒင်းခြောက်၊ မြီးတံသွယ်ခြောက်နှင့် ငါးနုပ်ခြောက်များ ဖြစ်သည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့မည့် သဘာဝမှဖမ်းဆီးရရှိသည့် ရေထွက်ကုန်ပစ္စည်းများ စစ်ဆေးခြင်း၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးလိုအပ်ချက်သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံမှ မွေးမြူရေးရေထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့တင်ပို့ရောင်းချနိုင်ရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသဘောတူစာချုပ်ကို ပြည်ထောင်စုဝန်ကြီး၏ တရုတ်နိုင်ငံခရီးစဉ်၌ မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့တင်ပို့မည့် သဘာဝမှဖမ်းဆီးရရှိသည့် ရေထွက်ကုန်ပစ္စည်းများနှင့် မွေးမြူရေးရေထွက်ကုန်ပစ္စည်းများကိုစစ်ဆေးခြင်း၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးလိုအပ်ချက်သဘောတူစာချုပ်အား ၁၅-၉-၂၀၂၃ ရက်တွင် GACC နှင့် လက်မှတ်ရေးထိုးခဲ့သည်။

၁၅-၉-၂၀၂၃ ရက်မှ ၃၀-၅-၂၀၂၅ ရက်အထိ သဘာဝမှဖမ်းဆီးရရှိသည့် ရေထွက်ကုန်တင်ပို့မှုအတွက် တန်ချိန် ၁၃၆၂၂၀ ဒသမ ၅၅၉ MT အား Health Certificate (HC) ၃၁၈၂ စောင်နှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၈၅ ဒသမ ၅၅၈ သန်း တင်ပို့နိုင်ခဲ့ပြီးဖြစ်သည်။

၁၅-၉-၂၀၂၃ ရက်မှ ၃၀-၅-၂၀၂၅ ရက်အထိ မွေးမြူရေးမှရရှိသည့် ရေထွက်ကုန်တင်ပို့မှုအတွက် တန်ချိန် ၄၄၁၂ ဒသမ ၅၀၂ MT အား Health Certificate (HC) ၃၀၄ စောင်နှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၇၇ သန်း တင်ပို့နိုင်ခဲ့ပြီးဖြစ်သည်။

ရေထွက်ပစ္စည်းတင်ပို့နိုင်မှုနှင့် ထုတ်ကုန်တိုးမြှင့်တင်ပို့နိုင်ရေး လျာထားချက်အနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ရေထွက်ကုန်ပြည်ပတင်ပို့မှု စုစုပေါင်း US$ သန်း ၇၅၀ ခန့်ရရှိခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် US$ သန်း ၇၂၂ ရရှိနိုင်ရေး မျှော်မှန်းထားရှိသည်။

အထက်ဇယားပါ မွေးမြူရေးရေငန်ပုစွန်ဖြူနှင့် ငါးတန် Value Added များကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်ထုတ်လုပ်ပြီးပါက ပြည်ပပို့ကုန်ဝင်ငွေ တစ်ဘီလီယံကျော်ရရှိမည်ဖြစ်ပြီး နှစ်အလိုက် တိုးချဲ့ဧက၊ ထုတ်လုပ်မှုများ၊ တင်ပို့မှုများဖြင့် နှစ်စဉ် တစ်ဘီလီယံထက် ပိုမိုရရှိမည်ဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏လမ်းညွှန်ချက်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၊ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏လမ်းညွှန်ချက်များ၊ ငါးလုပ်ငန်းဦးစီးဌာန၏မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်နှစ်ဆတိုးမြှင့်ရေးတို့အတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပေါက်ခေါင်းမြို့နယ်၌ အမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပေါက်ခေါင်း ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ဇူလိုင်လ ၁ ရက် နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ တက်ရောက်ပြီး သတ်မှတ်နေရာများ၌ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ စိန်ပန်းသေး၊ စိန်ပန်းကြီး၊ ကုက္ကိုနှင့် ငုရွှေဝါ ပျိုးပင် စုစုပေါင်း ၂၅၀ ပင်ကို စိုက်ပျိုးကြသည်။

မိုးရာသီတွင် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတု တိုးတက်ကောင်းမွန်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**



## သဇင်(FM)အသံလွှင့်အစီအစဉ် ၂-၇-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နေပြည်တော်၌ နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ - ၂၀၂၅ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၁

မြန်မာနိုင်ငံတွင် ဆန်းသစ်တီထွင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ယဉ်ကျေးမှု ထိန်းသိမ်းမှုတို့ကို အားပေးလှုံ့ဆော်သော မူပိုင်ခွင့်ဂေဟာစနစ်ကို အားကောင်းစေရန် ဦးတည်ချက်ဖြင့် နိုင်ငံတကာမူပိုင်ခွင့် ညီလာခံ-၂၀၂၅ ကို ဇူလိုင်လ ၃ ရက်မှ ၄ ရက်အထိ Jasmine Naypyitaw Hotel ၌ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတကာမူပိုင်ခွင့် ညီလာခံတွင် ပြည်တွင်း၊ ပြည်ပမှ Keynote Speakers များနှင့် စာတမ်းရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ တက္ကသိုလ်၊ ကောလိပ်များမှပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သုတေသနပညာရှင်များ၊ ဥပဒေအကျိုးဆောင်များနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၃၀၀ ခန့်ဖိတ်ကြား၍ စာတမ်းစုစုပေါင်း ၅၀ ခန့် ဖတ်ကြားသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနမှ သတင်းရရှိသည်။

မြဝတီ




# ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ သတ်မှတ်နိုင်ရေး အသိပေးဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဇူလိုင် ၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်ဇေယျာသီရိမြို့နယ် လေသာ-ဇီးကုန်းလမ်း လမ်းဘေးဝဲ/ယာနှင့်ဆင်သေချောင်းတစ်လျှောက် သီးနှံများစိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ လျှင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဥပ္ပါတသန္တိစေတီတော်ကြီး ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များပြန်လည်ပြုပြင်မွမ်းမံနေမှုနှင့် ဖယ်ရှားရှင်းလင်းနေမှု၊ Cement grouting နှင့် Soil stabilization ဆောင်ရွက်နေမှုနှင့် မူလရင်ပြင်တော်ကြမ်းခင်းများ တူးထုတ်ပြင်ဆင်နေမှုအခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားကာ လုပ်ငန်းဆောင်ရွက်နေသော တပ်မတော်သားများကို စားသောက်ဖွယ်ရာများပေးအပ်သည်။

ဆက်လက်၍ လျှင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သော ရာဇဌာနီလမ်းမကြီး လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး ရေရှည်ခိုင်ခံ့မှုရှိအောင်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ သတ်မှတ်နိုင်ရေး အသိပေးဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရောဂါနှိမ်နင်းရေး) ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆေးလိပ်နှင့်ဆေးရွက်ကြီး အန္တရာယ်နှင့် ဆေးလိပ်ငွေ့ကင်းစင်ဒေသများ ထူထောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များမှာကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
| --- | --- |
| (က) ဦးကိုကိုနိုင် | ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာနီလာမြင့်ထူး | ပါမောက္ခချုပ်<br>မုံရွာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ သတင်းမီဒီယာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဦးစီးကျင်းပသည့် သတင်းမီဒီယာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပြည်လမ်းအမှတ်(၂၇)ရှိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဆွေးနွေးပွဲခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကျော်ဒင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက သတင်းမီဒီယာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီးသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကျော်ဒင်က နိုင်ငံတော်နှင့်သတင်းမီဒီယာ၏အခန်းကဏ္ဍခေါင်းစဉ်ဖြင့်လည်းကောင်း၊ အတွင်းရေးမှူး ဦးအေးချမ်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Digital နှင့်မီဒီယာခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက မီဒီယာဆိုင်ရာ ဆွေးနွေးမှုများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အမှတ် (၄၉)တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၆-၂၀၂၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)၏အလံပုံစံ**



**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)၏တံဆိပ်ပုံစံ**




မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။

# မိုးရာသီနှင့် ကျန်းမာရေးစောင့်ရှောက်မှုအကြောင်း သိကောင်းစရာများ

မိုးရာသီရောက်သည့်အခါ နွေရာသီ၏ပူပြင်းမှုမှ သက်သာရာရသည့်အပြင် လန်းဆန်းစိုပြည်သည့်မိုးရေနှင့်အတူ မလိုချင်သော်လည်း ရောက်ရှိလာတတ်သည့် ကျန်းမာရေးစိန်ခေါ်မှုများရှိနေသည်။ မိုးရာသီတွင် စိုထိုင်းမှုနှင့် ရေဝပ်မှုများက ရောဂါပိုးမွှားများပေါက်ပွားရန် အကောင်းဆုံးအခြေအနေဖြစ်ပြီး အအေးမိ၊ တုပ်ကွေးနှင့် ရေမှတစ်ဆင့် ကူးစက်သည့်ရောဂါများ ပိုမိုဖြစ်ပွားလေ့ရှိသည်။ သတိမထားမိပါက အဆိုပါအခြေအနေများကြောင့် ခန္ဓာကိုယ်၏ခုခံအားစနစ်ကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် မိုးရာသီတွင် ကျန်းမာရေးကို အထူးဂရုစိုက်ရန် အရေးကြီးသည်။

သန့်စင်သည့်ရေ (ရေသန့်) သောက်သင့်သည်။ မိုးရာသီတွင် ရေသန့်သောက်သုံးရန်အရေးကြီးသည်။ မိုးရေမှတစ်ဆင့် ကူးစက်ရောဂါများဖြစ်စေနိုင်သည်။ မိုးရာသီတွင် ရေကိုကျိုချက်သောက်ခြင်း သို့မဟုတ် ရေသန့်ကိုသာသောက်ခြင်းက အန္တရာယ်ရှိသောပိုးမွှားများကို ဖယ်ရှားပစ်နိုင်သည်။ ယုံကြည်စိတ်ချရသည့်အရင်းအမြစ်ကမဟုတ်သော မသန့်စင်သည့်ရေနှင့် ရေခဲများကို ရှောင်ကြဉ်သင့်သည်။

တစ်ကိုယ်ရေသန့်ရှင်းမှုကို အလေးထားသင့်သည်။ ရောဂါပိုးများပျံ့နှံ့မှုမရှိစေရန် အထူးသဖြင့် အပြင်မှအိမ်ပြန်ရောက်တိုင်း လက်ကိုရေ၊ ဆပ်ပြာဖြင့် စက္ကန့် ၂၀ ကျော်ကြာ မကြာခဏဆေးကြောသင့်သည်။ လက်သန့်ဆေးရည် (Hand Sanitizer) ကို အမြဲဆောင်ထားသင့်သည်။ အဆိုပါအလေ့အကျင့်ကိုထိန်းသိမ်းကာ သန့်ရှင်းစွာနေထိုင်ခြင်းက ရေမှတစ်ဆင့်ကူးစက်တတ်သည့်ရောဂါများနှင့် မိုးရာသီတွင်ဖြစ်တတ်သော တခြားရောဂါများမဖြစ်စေရန် ကာကွယ်ပေးသည်။

လတ်ဆတ်ပြီး ပူနွေးသောအစားအစာများသာ စားသင့်သည်။ လတ်လတ်ဆတ်ဆတ်ချက်ပြုတ်ထားသည့်အစားအစာများကို ပူပူနွေးနွေးစားသုံးခြင်း၊ လမ်းဘေးအစားအစာများကိုရှောင်ခြင်းက မိုးရာသီအတွက် အရေးကြီးဆုံးကျန်းမာရေးအကြံပြုချက်တစ်ခုဖြစ်သည်။ မိုးရာသီတွင် လတ်ဆတ်သည့်အစားအစာများကိုစားသုံးခြင်းက မသန့်ရှင်းသည့်အစားအစာများထက် ပိုမိုစိတ်ချရသည်။ ပူနွေးသည့်အစားအစာများက အန္တရာယ်ရှိသည့်ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးများကို သေစေနိုင်ပြီး အစားအစာမှတစ်ဆင့်ကူးစက်တတ်သည့်ရောဂါများ မဝင်ရောက်စေရန် ကာကွယ်ပေးသည်။ လတ်ဆတ်သည့်အစားအစာများက ကိုယ်ခံအားစနစ်ကိုမြှင့်တင်ပေးပြီး ရာသီအလိုက် ကူးစက်ရောဂါများ မကူးစက်နိုင်စေရန် အကူအညီပေးသည်။ ရေအိမ်သုံးပြီး၊ အစားအစာမပြင်ဆင်မီနှင့် အစာမစားမီ လက်ဆေးသင့်သည်။

မကြာခဏထိတွေ့မိသည့်နေရာများကို ပုံမှန်သန့်ရှင်းရေးပြုလုပ်ပေးသင့်သည်။ တံခါးလက်ကိုင်၊ မီးခလုတ်၊ စားပွဲမျက်နှာပြင် စသည့်နေရာများက ပိုးမွှားများပေါက်ပွားလွယ်သည့်နေရာများဖြစ်သည်။ မိသားစုဝင်တစ်ဦးနေမကောင်းဖြစ်နေစဉ် ၎င်းထိတွေ့မိသည့်နေရာများမှ အလွယ်တကူရောဂါကူးစက်နိုင်သည်။ ထို့ကြောင့် မကြာခဏထိတွေ့မိသည့်နေရာများကို ပိုးသတ်ဆေးဖြင့် သန့်ရှင်းရေးပြုလုပ်ခြင်းက မိုးရာသီတွင် လိုက်နာရမည့်အရေးကြီးသောအလေ့အထတစ်ခုဖြစ်သည်။ ဖုန်း၊ ကီးဘုတ်၊ ကွန်ပျူတာနှင့် နေ့စဉ်သုံးပစ္စည်းများကို ပုံမှန်သန့်စင်ခြင်းဖြင့် ရောဂါပိုးများပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်သည်။ ရာသီတုပ်ကွေးမှ ကာကွယ်နိုင်ရန် ပါးစပ်နှင့်နှာခေါင်းစည်းတပ်ဆင်ပေးခြင်းက မိမိမှ တခြားသူထံသို့၊ တခြားသူမှမိမိထံသို့ တုပ်ကွေးကူးစက်မှုကို ကာကွယ်ပြီးသားဖြစ်စေသည်။

**"ကျန်းမာရေးဆိုင်ရာ သတိပေးချက်များကို သတိထားသင့်သည်။ ကျန်းမာရေးဌာနနှင့် အစိုးရအဖွဲ့အစည်းများက မိုးရာသီတွင် ဖြစ်ပွားနိုင်သောရောဂါများနှင့် ကာကွယ်ရေးနည်းလမ်းများကို အသိပေးချက်ထုတ်ပြန်လေ့ရှိသည်။ မိမိနေရာဒေသ၌ ကျန်းမာရေးအခြေအနေများနှင့်ပတ်သက်သော Update သတင်းများကို အမြဲသတိထားသင့်သည်။ ခြင်များမပေါက်ပွားစေရန် ပတ်ဝန်းကျင်ကို ပိုးသတ်ဆေးဖျန်းခြင်းအပြင် ရောဂါလက္ခဏာများ စသည့်ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာသင့် . . ."**

ခြင်အန္တရာယ်ကာကွယ်သင့်သည်။ ခြင်များသည် ငှက်ဖျား၊ သွေးလွန်တုပ်ကွေးကဲ့သို့ ရောဂါများသယ်ဆောင်နိုင်သည်။ ခြင်ကိုက်ခြင်းမှ ကာကွယ်ရန် ခြင်မကိုက်လိမ်းဆေး(Mosquito Repellent)များ အသုံးပြုနိုင်သည်။ အရေပြားကိုမပေါ်အောင်ဖုံးအုပ်ရန် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် စသည့်အဝတ်အစားများကို ဝတ်ဆင်သင့်သည်။ ခြင်အများဆုံးထွက်သည့် ညနေပိုင်းတွင် တံခါးနှင့်ပြတင်းပေါက်များပိတ်ထားသင့်သည်။ ခြင်များမပေါက်ပွားစေရန် ပတ်ဝန်းကျင်ကို သန့်ရှင်းထားသင့်သည်။

မိုးရာသီတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုများလာ၍ သွေးလွန်တုပ်ကွေးဖြစ်စေသောခြင်များမပေါက်ပွားရန် သိုလှောင်ထားသည့်ရေပန်းအိုးများဖုံးအုပ်ခြင်း၊ သွန်ပစ်ခြင်း၊ လဲလှယ်ခြင်း၊ ရေစစ်ဖြင့်စစ်ခြင်းတို့ ပြုလုပ်သင့်သည်။ ခြင်များကိုနှိမ်နင်းရေးအတွက် ခြင်ဖျန်းဆေး ဒီဒီတီ (DDT)၊ မာလာသီယွန်(Malathion) သုံးသင့်သည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း နေ့စဉ်ပြုလုပ်သင့်သည်။ မိုးရာသီတွင် နာမကျန်းဖြစ်ခြင်းမှကာကွယ်ရန် နေ့စဉ် နာရီဝက်မှ တစ်နာရီကြာ အပြေး၊ ရွှရွှပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်သင့်သည်။ မိုးရွာသောကြောင့် အိမ်အပြင်မထွက်ဖြစ်ခဲ့သော် အိမ်တွင်းလေ့ကျင့်ခန်းများ ပြုလုပ်နိုင်သည်။ ယောဂကျင့်ခြင်း၊ တိုက်ချိကစားခြင်း၊ ကြွက်သားဆွဲဆန့်လေ့ကျင့်ခန်း၊ အေရိုးဗစ်နှင့် ကခုန်ခြင်း စသည့်လှုပ်ရှားမှုများ ပြုလုပ်နိုင်သည်။ ပုံမှန်လေ့ကျင့်ခန်းကြောင့် ရောဂါပိုးမွှားများကိုတိုက်ထုတ်နိုင်ပြီး မိုးရာသီတွင်ခံစားရနိုင်သည့် စိတ်ဖိစီးမှုကို လျော့ကျစေကာ စိတ်ခံစားမှုသက်သာကောင်းမွန်စေနိုင်သည်။

အဝတ်နှင့်ဖိနပ်များကို သေချာစွာအခြောက်ခံသင့်သည်။ မိုးရာသီတွင် အဝတ်နှင့်ဖိနပ်များစိုထိုင်းလွယ်ပြီး ဗက်တီးရီးယားနှင့်မှိုပိုးများပေါက်ပွားစေနိုင်သည်။ အရေပြားရောဂါနှင့်အနံ့ဆိုးများကို ဖြစ်စေနိုင်သောကြောင့် အဝတ်များကိုပြန်မဝတ်မီ အခြောက်ခံပြီးမှသာ ဝတ်သင့်သည်။ အဝတ်ခြောက်ရန် ကြိုးတန်း သို့မဟုတ် အဝတ်အခြောက်ခံစက်ကို အသုံးပြုသင့်သည်။ ဖိနပ်များကို လေဝင်လေထွက်ကောင်းသောနေရာ၌ထားရှိခြင်းဖြင့် စိုထိုင်းမှုကိုဖယ်ရှားနိုင်သည်။

ကျန်းမာရေးဆိုင်ရာသတိပေးချက်များကို သတိထားသင့်သည်။ ကျန်းမာရေးဌာနနှင့် အစိုးရအဖွဲ့အစည်းများက မိုးရာသီတွင်ဖြစ်ပွားနိုင်သောရောဂါများနှင့် ကာကွယ်ရေးနည်းလမ်းများကို အသိပေးချက်ထုတ်ပြန်လေ့ရှိသည်။ မိမိနေရာဒေသ၌ ကျန်းမာရေးအခြေအနေများနှင့်ပတ်သက်သော Update သတင်းများကို အမြဲသတိထားသင့်သည်။ ခြင်များမပေါက်ပွားစေရန် ပတ်ဝန်းကျင်ကို ပိုးသတ်ဆေးဖျန်းခြင်းအပြင် ရောဂါလက္ခဏာများ စသည့်ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များကို လိုက်နာသင့်သည်။

ရေဝပ်မှုမရှိစေရန် ဂရုပြုသင့်သည်။ ရေဝပ်သောနေရာများသည် ခြင်ပေါက်ပွားရာနေရာဖြစ်ပြီး ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ဆင်ခြေထောက် စသောရောဂါများကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် မိမိပတ်ဝန်းကျင်အနီးတစ်ဝိုက်တွင် ရေဝပ်သောနေရာများမရှိစေရန် သတိပြုသင့်သည်။ အကြောင်းတစ်စုံတစ်ခုကြောင့် ရေသိုလှောင်ထားရပါက သန့်ရှင်းသောရေအိုး၊ ရေပုံးများအတွင်း ရေထည့်ပြီးပါက အဖုံးဖြင့်လုံအောင်အုပ်ထားသင့်သည်။

ဗီတာမင်-C ဓာတ်ကို ပို၍စားသုံးသင့်သည်။ မိုးရာသီတွင် ဗီတာမင်-C ဓာတ် များများစားခြင်းက ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည်။ ဗီတာမင်-C သည် ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပြီး ရောဂါပိုးမွှားများကို ကောင်းစွာတိုက်ထုတ်ပေးနိုင်သည်။ လိမ္မော်သီး၊ ဂရိတ်ဖရုသီး၊ သံပရိုသီး၊ ရှောက်သီးကဲ့သို့သော အချဉ်ဓာတ်ပါသည့်အသီးအနှံများ စားသင့်သည်။ ထို့ပြင် ပိန္နဲသီး၊ ဂေါ်ဖီထုပ်၊ ငရုတ်ပွသီး၊ အစိမ်းရောင်ဟင်းသီးဟင်းရွက်များတွင်လည်း ဗီတာမင်-C ကြွယ်ဝစွာပါဝင်၍ အသားနှင့်ဟင်းသီးဟင်းရွက်မျှတစွာ၊ အာဟာရပြည့်ဝစွာ စားသုံးသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ဒေါက်တာလွင်သန့်

## ကျိုက်ထိုမြို့နယ်၌ မုန်တိုင်းဘေးနှင့် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စုပေါင်းဇာတ်တိုက်လေ့ကျင့်

**ကျိုက်ထို ဇူလိုင် ၁**

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ၏ဦးဆောင်မှုဖြင့် မုန်တိုင်းဘေးနှင့် ရေဘေးအန္တရာယ်ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်နိုင်ရေး စုပေါင်းဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇူလိုင်လ ၁ ရက်တွင် ကျိုက်ထိုမြို့ မြောက်ပိုင်းရပ်ကွက်ရှိ ကဒက်ချောင်းရေထိန်းတံခါး၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ကျိုက်ထိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က ဘေးအန္တရာယ်ဖြစ်ပွားခဲ့မှုအခြေအနေများနှင့် ဘေးမဖြစ်မီ၊ ဘေးဖြစ်ဆဲ၊ ဘေးဖြစ်ပွားပြီး စနစ်တကျဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံအောင်က မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်သည့် ကြိုတင်သတိပြုရမည့် အခြေအနေများ၊ ဘေးလွတ်ရာ ယာယီကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းခိုလှုံခြင်း၊ အန္တရာယ်ကျရောက်နေသူများကို နည်းလမ်းအမျိုးမျိုးဖြင့် ရှာဖွေကယ်ဆယ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို ရှေးဦးပြုစုခြင်း၊ ဘေးလွတ်ရာသို့ ရောက်ရှိသူများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှုဆောင်ရွက်ခြင်း စသည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ကဏ္ဍအလိုက် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်ရာတွင် ကျိုက်ထိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဝင်များ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ လူမှုကူညီရေးအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများ ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

ချမ်းမြေ့

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဇူလိုင် ၁**

ယနေ့မြန်မာစံတော်ချိန် ဂ၂ နာရီ ၁၃ မိနစ် ၁၂ စက္ကန့်တွင် နမ့်စန်ငလျင်စခန်းမှ အရှေ့မြောက်ဘက် ၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (လင်းခေးမြို့၏ မြောက်-အနောက်မြောက်ဘက် ၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၄၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၉၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်ရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၁

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရွှေစေတီဘာသန္တရသင်တန်းကျောင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန် ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာအား ပြင်ဆင်ဆောင်ရွက်နေမှု၊ စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စေတီပုထိုးများ၊ စာသင်တိုက်များ၊ သာသနာ့နွယ်ဝင်သီလရှင်စာသင်တိုက်များရှိ အပျက်အစီးများနှင့် နေအိမ်အဆောက်အအုံများရှိ အပျက်အစီးများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုနှင့် စစ်ကိုင်းမြို့ရှိသံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ ပုလဲငွေရောင်ရပ်ကွက်နှင့် မဟာအောင်မြေမြို့နယ်၊ ရတနာဘုံမိရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ❍ အထူးမိုးလေဝသမှ







ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင်ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## ■ ရွှေတောင်မြို့နယ်မှ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ လယ်ယာစိုက်ပျိုးရေးကို အဓိကဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါးမျိုးကောင်းမျိုးသန့်တိုးပွားစေရန်နှင့် ဆန်စပါးဖူလုံစေရန်ရည်ရွယ်၍ ယခုနှစ်တွင် မိုးစပါး ၅၈၁၆၃ ဧက စိုက်ပျိုးသွားရန်လျာထားကြောင်းသိရသည်။

ရွှေတောင်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိနိုင်ရေးအတွက် စိုက်ပျိုးနည်းစနစ်သင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြသခြင်း၊ သွင်းအားစုများ ထောက်ပံ့ပေးခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ်ကြဲပက်ခြင်းများ၊ စပါးအထွက်နှုန်းတိုးတက်မြင့်မားစေရန် တောင်သူများအား နည်းပညာပေးခြင်း၊ လယ်ယာကဏ္ဍသီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရာတွင် စီးပွားရေးအရ တွက်ခြေကိုက်သည့် အထွက်နှုန်းမြင့်မားပြီး အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့် စပါးမျိုးများအား တောင်သူများ ပိုမိုကျယ်ပြန့်စွာစိုက်ပျိုးသွားနိုင်ရန် ရည်ရွယ်၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၁

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုရှိ မြို့နယ် ၅၄ ခုတွင် ထိခိုက်ပျက်စီးခဲ့သည့် ပြည်သူများ၏နေအိမ်များ ပြန်လည်ပြုပြင်ရန် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းဖြစ်သည့် ဘိလပ်မြေအိတ် ၅ ဒသမ ၃၄၄ သန်း ထောက်ပံ့ပေးအပ်သွားမည်

နေပြည်တော် ဇူလိုင် ၁

မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းအဖွဲ့ (၃/၂၀၂၅) ကြိမ် ညှိနှိုင်းအစည်းအဝေးကို စက်မှုဝန်ကြီးဌာနရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များ၊ ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။



ဦးစွာ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း ညှိနှိုင်းအစည်းအဝေးမစတင်မီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က မတ်လ ၂၈ ရက်တွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုရှိ မြို့နယ် ၅၄ ခုတွင် ထိခိုက်ပျက်စီးခဲ့သည့် ပြည်သူများ၏နေအိမ်များပြန်လည်ပြုပြင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းဖြစ်သည့် ဘိလပ်မြေအိတ် ၅ ဒသမ ၃၄၄ သန်း ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးရာ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက သုံးစွဲသူပြည်သူများ သယ်ယူစရိတ်သက်သာစေရေးအတွက် ဒေသအတွင်းရှိ ဘိလပ်မြေစက်ရုံများကို တာဝန်ပေးအပ်၍ ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘိလပ်မြေများကို ပြည်သူများလွယ်လင့်တကူ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ဈေးရောင်းပွဲတော်ကျင်းပ၍ ရောင်းချဖြန့်ဖြူးပေးခဲ့ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုမှ ဘိလပ်မြေများလိုအပ်ချိန်တွင် ထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့သည့် စက်ရုံ၊ အလုပ်ရုံများ အမြန်ဆုံးလည်ပတ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်မှုပြုခဲ့၍ စက်ရုံ၊ အလုပ်ရုံများ၏ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များကို ထိရောက်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံများသို့ ကွင်းဆင်းသွားရောက်၍ စက်အရန်ပစ္စည်းများ အချိန်မီရရှိရေး၊ ကုန်ကြမ်းသွင်းအားစုများရရှိရေး စသည်တို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့် ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်စဉ် တွေ့ကြုံရသည့်အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက ဘိလပ်မြေစက်ရုံများ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအခြေအနေတို့ကိုလည်းကောင်း၊ ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများက စက်ရုံအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မှု၊ ဖြန့်ဖြူးရောင်းချမှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်စဉ်တွေ့ကြုံရသည့် အခက်အခဲများကိုလည်းကောင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းတွင် ပါဝင်သည့် ဝန်ကြီးဌာနကိုယ်စားလှယ်များက စက်ရုံအလိုက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေကိုလည်းကောင်း၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဘိလပ်မြေထုတ်လုပ်သည့် နည်းပညာများ လွှဲပြောင်းရရှိရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများကိုလည်းကောင်း၊ တက်ရောက်လာသူများက ဘိလပ်မြေများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့် အခြေအနေတို့ကိုလည်းကောင်း ဝိုင်းဝန်းဆွေးနွေးကြပြီး စက်ရုံများမှတင်ပြသည့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အခြေပြမြေပုံ ၂၀၂၅ စောင့်ကြည့်ရေးနှင့် အကဲဖြတ်လေ့လာခြင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ ASEAN–China Cooperation Fund (ACCF) ရန်ပုံငွေဖြင့် "အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အခြေပြမြေပုံ ၂၀၂၅ စောင့်ကြည့်ရေးနှင့် အကဲဖြတ်လေ့လာခြင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်း" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Novotel Yangon Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဗီယက်နမ် (CLMV) နိုင်ငံများမှ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူလေးများက မြန်မာ့ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ် ဦးစံလွင်က online ဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်နုမြဇံက အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင် အခြေပြမြေပုံအကဲဖြတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းစနစ်များကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သောနည်းပညာများနှင့် အသိပညာများကို အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်လုပ်ငန်းအစုအဖွဲ့များ တာဝန်ရှိသူများအား ဖြန့်ဝေပေးသွားခြင်းဖြင့် ထိရောက်မှုရှိသော အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်အခြေပြမြေပုံအကဲဖြတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်တစ်ခု ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်းပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အာဆီယံ လူမှု - ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အခြေပြမြေပုံ ၂၀၂၅ စောင့်ကြည့်ရေးနှင့်အကဲဖြတ်လေ့လာခြင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းကို CLMV နိုင်ငံများမှ တစ်နိုင်ငံလျှင် သင်တန်းသား၊ သင်တန်းသူ ရှစ်ဦးစီနှင့် မြန်မာနိုင်ငံမှ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်ဆက်စပ်လုပ်ငန်းအစုအဖွဲ့များမှကဏ္ဍတစ်ခုလျှင် တစ်ဦးစီဖြင့် ၁၅ ဦး စုစုပေါင်း ၃၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင်လ ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ မြဝတီ



ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားစဉ်။

# ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁

၂၀၂၅ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် မိုးလုံလေလုံအားကစားခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်ချုပ်ဝင်းမောင်သိန်းနှင့် တပ်မတော်(လေ)မှ အရာရှိ/စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြသည်။

ဦးစွာ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် လေတပ်စခန်းဌာနချုပ်မှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်ဖြစ်သည့် လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်အသင်းနှင့် မှော်ဘီလေတပ်စခန်းအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကွပ်ကဲမှုအောက်ရှိလေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းအသီးသီးမှပြိုင်ပွဲဝင်အမျိုးသားအသင်း(၁၄)သင်းနှင့် အမျိုးသမီးအသင်း(၁၁)သင်းတို့ဖြင့် ဇူလိုင် ၁၁ ရက်အထိယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"**အစီအစဉ်မှ **"အမျိုးသမီး ၆ ဦးအပေါ် အကြောင်းမဲ့ရက်ရက်စက်စက်နှိပ်စက်ခဲ့ကြတဲ့ ပခုက္ကူမှ ပြည်သူ့ကာကွယ်ရေးဆိုတဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ၂-၇-၂၀၂၅ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"သစ္စာရှိလက်နက်မဲ့ Non CDM ဝန်ထမ်းတွေကို ခြိမ်းခြောက် သတ်ဖြတ်နေတဲ့ ဝရမ်းပြေးနိုင်ငံမဲ့ NUG၊ CRPH နဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့်ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ထူးချွန်ထင်ရှား မြန်မာအမျိုးသမီးများ

ဘုန်းမောင်ဝင်း(ဖျာပုံ)

**မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအခြေခိုင်ခဲ့ခဲ့သောတိုင်းပြည်ဖြစ်သည်။ ထိုရှေးဟောင်းယဉ်ကျေးမှုများအနက် အမျိုးသမီးများ၏ဆင်ယင်ထုံးဖွဲ့မှုသည် အရေးကြီးသောကဏ္ဍမှပါဝင်လျက်ရှိသည့်အတိုင်း ခေတ်အဆက်ဆက်မြန်မာအမျိုးသမီးတို့သည် သိက္ခာရှိရှိ ဝတ်စားဆင်ယင်ထုံးဖွဲ့လာခဲ့သည်မှာ ယနေ့တိုင်အလွန်ပင်လှပ၍ချစ်စရာကောင်းသည်။ နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းကို ထိုနိုင်ငံ၏ယဉ်ကျေးမှုကိုကြည့်ပြီး သုံးသပ်ဆုံးဖြတ်နိုင်သည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသောနိုင်ငံများတွင်ပါဝင်သည်။**

မြန်မာတို့၏ရိုးရာယဉ်ကျေးမှုမှာ နှစ်ပေါင်းထောင်ချီ၍သက်တမ်းကြာမြင့်လျက်ရှိသည်ကို "မြန်မာအစတကောင်း"၊ "မြန်မာ့ယဉ်ကျေးမှုအစ ပျူခေတ်က" ဟူသောစကားရပ်များကသက်သေပြလျက်ရှိသည်။ ပျူခေတ်ယဉ်ကျေးမှု၊ ပုဂံခေတ်ယဉ်ကျေးမှု၊ ပင်းယခေတ်ယဉ်ကျေးမှု၊ အင်းဝခေတ်ယဉ်ကျေးမှု၊ တောင်ငူခေတ်ယဉ်ကျေးမှု၊ ညောင်ရမ်းခေတ်ယဉ်ကျေးမှု၊ အလောင်းမင်းတရားကြီး၏ ကုန်းဘောင်ခေတ်ယဉ်ကျေးမှုများမှာ သမိုင်းအစဉ်အလာကောင်းများရှိခဲ့ကြသည်။

ယဉ်ကျေးမှုဟူသောစကားရပ်တွင် အနုသုခုမပညာရပ်များလည်းပါဝင်သည်။ ပျူခေတ်သည် မြန်မာ့ယဉ်ကျေးမှုကိုမှတ်တမ်းတင်ရာတွင် အစောဆုံးကာလဖြစ်သည်။ တရုတ်နိုင်ငံ၏မှတ်တမ်းများတွင် ခရစ်နှစ် ၈၀၂ ခုနှစ်တွင်တစ်ကြိမ်၊ ၈၀၇ ခုနှစ်တွင်တစ်ကြိမ် ပျူနိုင်ငံမှသံအဖွဲ့သည် တရုတ်ပြည် ချန်အန်းမြို့သို့ရောက်ဖူးကြောင်းဖော်ပြထားသည်။ ထိုအဖွဲ့တွင်အမျိုးသမီးများလည်းပါဝင်၍အနီရင့်ရောင်ပိတ်ဝတ်စုံကိုဝတ်ကြသည်။ ဒူးကိုဖုံးလွှမ်းထားသောချည်ပိတ်ပါးကို ဝတ်ဆင်ထားသည်။ ချည်ပိတ်ပါးကို ပခုံးနှစ်ဖက်ပေါ်မှ ချိုင်းကြားအောက်သို့လျှိုလျက်လွှမ်းရုံထားသည်။ ကျောက်မျက်ဖြင့် စီကပ်ထားသောရွှေလက်ကောက်၊ လက်ကြပ်နှင့်ခြေကျင်းများကိုဝတ်ဆင်ထားသည်။ ရွှေဦးဖောင်းကိုလည်းဆောင်းထားသည်ဟုဆိုသည်။

ပျူခေတ် ဗိဿနိုးမြို့ဟောင်းနှင့် ပျူခေတ်သရေခေတ္တရာတို့၏သက်တမ်းသည်နှစ်ပေါင်း ၂၀၀၀ ကျော်သက်တမ်းရှိခဲ့သည်။ ထို့နောက် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင် စသည်ဖြင့်ခေတ်များပေါ်ထွန်းခဲ့သည်။ ကုန်းဘောင်ခေတ်တွင်မင်း ၁၁ ဆက်အုပ်စိုးခဲ့သည်။ ယဉ်ကျေးမှုသမိုင်းအစဉ်အလာကောင်းများရှိခဲ့သည်။ ကုန်းဘောင်ခေတ်ကုန်ဆုံး၍ ကိုလိုနီခေတ်ရောက်သည့်အခါ မြန်မာအမျိုးသမီးတို့၏ မျိုးချစ်စိတ်သည်ထင်ရှားပေါ်လွင်လာသည်။ ကိုလိုနီခေတ်သည် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်မှ စတင်ခဲ့သည်။ မြန်မာနိုင်ငံသူ့ကျွန်ဘဝရောက်ရှိစဉ် ၁၉၁၉ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်တွင် "ကုမ္မာရီအသင်း(ခေါ်) မြန်မာအမျိုးသမီးကုမ္မာရီအသင်း" ကို မြန်မာပြည်အနှံ့ဖွဲ့စည်းခဲ့ကြသည်။ ၁၉၁၉-ဒါနသုခမိမ္မအသင်း(ခေါ်)ဝံသာနုကုမ္မာရီအသင်းကိုလည်း တည်ထောင်ခဲ့ကြသည်။

တိုင်းတစ်ပါးအုပ်စိုးမှုခံနေရချိန်တွင် အမျိုးသမီးများသည် အမျိုးသားများနည်းတူ ရဲဝံ့စွာ အသင်းအဖွဲ့တည်ထောင်ခြင်း၊ နယ်ချဲ့ဆန့်ကျင်ရေးတရားများဟောခြင်းတို့ကိုဆောင်ရွက်ခဲ့ကြသည်၊ နယ်ချဲ့ဆန့်ကျင်ရေးတရားဟောပြောမှုကြောင့် ပုလိပ်များက မြန်မာအမျိုးသမီးများကိုထောင်ဒဏ်ချမှတ်ခဲ့သည်။ မြန်မာအမျိုးသမီးတို့သည်နိုင်ငံနှင့်လူမျိုးအတွက် အသက်ကိုပင်မငဲ့ကွက်ဘဲ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများတွင် ပါဝင်ခဲ့ကြသည်။

မြန်မာ့သမိုင်းတွင် ထူးချွန်စွာစွမ်းဆောင်ခဲ့သူအမျိုးသမီးများမှာများပြားလှ၍ အမည်စာရင်းအသေးစိတ်မဖော်ပြတော့ပါ။ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးကြိုးပမ်းလှုပ်ရှားမှုများတွင် စွမ်းစွမ်းတမံ ရှုပ်ရှုပ်ချုံချုံ စွန့်လွှတ်စွန့်စားခဲ့ကြသောစာပေ၊ ဂီတ၊ သဘင်လောကမှအမျိုးသမီးများ၏ ဇာတိမာန်ပြင်းထန်မှုများ၊ စိတ်ထက်သန်မှုများကို ဖော်ပြရမည်ဆိုပါက ကျမ်းတစ်စောင်ပေတစ်ဖွဲ့ပင်ရနိုင်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ထားဝယ်သူ-သူရမချစ်ပိုကဲ့သို့ နိုင်ငံတော်အတွက် မားမားမတ်မတ်ရပ်တည်ပြီး ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံထမ်းရွက်ခဲ့သည့် စစ်ဘက်နယ်ဘက်မှ အမျိုးသမီးများလည်း များစွာရှိခဲ့သည်။ သူတို့၏ ဂုဏ်ယူဖွယ်ကောင်းလှသည့် ဆောင်ရွက်ချက်အလှများမှာ မမေ့နိုင်စရာဖြစ်ရသည်။

အမျိုးသမီးများ၏အလှစံချိန်ကို လောကနီတိကျမ်းတွင် အချက်ရှစ်ချက်ဖြင့် စံအဖြစ် သတ်မှတ်ထားသည်။ အဆိုပါသဘာဝအလှရှစ်ပါးမှာ ဝင်းဝါ၍စိုပြည်သောအသားအရေရှိခြင်း၊ သမင်၏မျက်စိကဲ့သို့ ညိုနက်သောမျက်စိရှိခြင်း၊ ခါးသေးတင်ကျယ်ငယ်သောဝမ်းရှိခြင်း၊ ဆင်နှာမောင်းကဲ့သို့သွယ်ပျောင်းသောပေါင်ရှိခြင်း၊ ဖြေ၍နောက်သို့ဖြန့်သော် ဖနောင့်တိုင်အောင်သွားလျက် အဖျားကော့၍တက်သောဆံပင်ရှိခြင်း၊ ကြီးငယ်မထင် ညီညွတ်သောသွားအစဉ်ရှိခြင်း၊ နက်သောချက်ရှိခြင်း၊ ကောင်းသောအလေ့အကျင့်ရှိခြင်းဟူ၍ဖြစ်သည်။ ထိုအင်္ဂါရပ်နှင့်ပြည့်စုံသော မိန်းမပျိုကို အမျိုးအနွယ်ညံ့သော်လည်း လက်ထပ်ထိမ်းမြားရာ၏ဟူ၍ပင် ရေးသားထားသည်။

မြန်မာအမျိုးသမီးများသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် "ဇာတိ ပုည ဂုဏ်မာန" ရှိခဲ့ကြသည်ကို သမိုင်းတွင်ထင်ရှားစွာရှိထားပြီးဖြစ်သည်။ အမျိုးသားများနှင့်ရင်ပေါင်တန်းပြီး ရဲရဲတောက်အစွမ်းပြသတ္တိပြခဲ့ကြသည်။ ယနေ့တိုင်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုတွင် အမျိုးသားများနှင့်ရင်ပေါင်တန်းကာ လေယာဉ်မောင်းနှင်ခြင်း၊ စစ်ရေယာဉ်မောင်းနှင်ခြင်းများကို သက်စွန့်ဆံဖျားဆောင်ရွက်လျက်ရှိကြသည်။ မြန်မာအမျိုးသမီးတိုင်းက မြင့်မားသောရည်မှန်းချက်၊ ပြည့်ဝသောပညာအရည်အချင်းများရှိနေအောင် ကြိုးစားကြမည်ဆိုပါက မိမိတစ်ဦးချင်းအတွက်လည်းကောင်း၊ နိုင်ငံတော်အတွက်လည်းကောင်း အလွန်ပင်ကောင်းမွန်သောအခြေအနေများဖြစ်ပေါ်လာပေမည်။ အမျိုးသမီးများ၏ပင်ကိုအလှထက် နိုင်ငံ့တာဝန်ကိုစွန့်လွှတ်စွန့်စားထမ်းဆောင်မှုအလှများက ပို၍လှသော၊ ပို၍မွှေးသောပန်းကလေးများအသွင်ကဲ့သို့ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ နှလုံးသည်းပွတ်မှာ ယဉ်ကျေးမှုပင်ဖြစ်သည်။ မြေပေါ်မြေအောက်သယံဇာတများလွန်စွာကြွယ်ဝသောနိုင်ငံဖြစ်လင့်ကစား မိမိတို့ထိန်းသိမ်းစောင့်ရှောက်အပ်သော ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကွယ်ပျောက်သွားခဲ့လျှင် လူမျိုးပါတိမ်ကောသွားနိုင်သည်။ အမျိုးပျောက်မှာစိုးကြောက်လှသည်ဟူသောစကားသည် နိုင်ငံအတွက်အလွန်သတိပြုရမည့်သတိပေးစကားဖြစ်သည်။ အမျိုးဂုဏ်ကိုစောင့်ထိန်းခြင်းဖြင့် မိမိမျိုးနွယ်၏ဂုဏ်တင့်တယ်စေရမည်ဖြစ်သည်။ လှပသော မြန်မာအမျိုးသမီးများမှာလှပနေရုံဖြင့်မဖြစ်သေးပေ။ အလှကိုအဆင်းဟုဆိုလျှင် အဆင်းနှင့်အတူရှိရမှာအချင်းဖြစ်သည်။ ဖြူစင်သောနှလုံးသားနှင့်ပြည့်ဝသောပညာအရည်အချင်းများရှိနေရမည်ဖြစ်သည်။ ထိုသို့ရှိနေလျှင် မိမိကိုယ်ကိုယုံကြည်သည့်စိတ်ဓာတ်များကိန်းအောင်းနေမည်ဖြစ်သည်။

အဆင်းနှင့်အချင်းပြည့်စုံသူကို လှသောပန်း၊ မွှေးသောပန်းနှင့်တူသည်။ တချို့သောပန်းတို့သည် လှသည်၊ ရနံ့မသင်းပါ။ အချို့ကားရနံ့သင်းသော်လည်း မလှပါ။ ထို့အတူ မြန်မာအမျိုးသမီးတို့သည်လှသော မွှေးသောပန်းများကဲ့သို့ လောကကိုအလှဆင်နိုင်ကြရမည်ဖြစ်သည်။ ထိုသို့အလှဆင်နိုင်ရေးအတွက် လှသောအမျိုးသမီးများပိုမိုလှပစေရန်၊ အရည်အချင်းပြည့်ဝသောအမျိုးသမီးများ ပိုမိုအရည်အချင်းပြည့်ဝစေရန်အတွက် ထိန်းကျောင်းပဲ့ပြင်ပေးသည့်အဖွဲ့အစည်းတစ်ခုရှိရမည်ဖြစ်သည်။ ထိုအဖွဲ့အစည်းမှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ဖြစ်သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကိုအောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည်-

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။

၂။ အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်။

၃။ အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်။

၄။ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ရန်။

၅။ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်။

၆။ အမျိုးသမီးများနှင့်ကလေးသူငယ်များအား လူကုန်ကူးမှုလျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ရန်။

၇။ အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးအားလုံးအတွက် အကောင်းဆုံးသောလမ်းကြောင်းကို တည်ငြိမ်အေးချမ်းစွာလျှောက်လှမ်းနိုင်ရန် လမ်းကြောင်းလည်းပြ လက်တွဲခေါ်လျက်ရှိသည်။ ထို့ပြင် အမျိုးသမီးများ၏ဘဝခရီးလမ်းတွင် တွေ့ကြုံရမည့်ဆူးငြောင့်ခလုတ်များကိုလည်း ကြိုတင်သိမြင်နိုင်အောင်အသိပညာပေးလျက်ရှိပြီး လမ်းဆိုးကိုမရွေးချယ်ဘဲ လမ်းကောင်းကိုလျှောက်လှမ်းနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ အဓိကအားဖြင့်နိုင်ငံတော်အတွက် အမျိုးသမီးများ၏အခန်းကဏ္ဍကိုမြှင့်တင်ပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံလူဦးရေ၏ထက်ဝက်ကျော်ကိုကိုယ်စားပြုသော မြန်မာအမျိုးသမီးများ၏အခန်းကဏ္ဍသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်တည်ဆောက်ရာတွင် လွန်စွာအရေးကြီးလှသည်၊ အမျိုးသားများနှင့်ရင်ပေါင်တန်းကာ တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေသည်ကိုတွေ့မြင်ရသည်မှာ အားရဖွယ်ကောင်းလှသည်၊ နိုင်ငံနှင့်လူမျိုးအတွက် ထူးချွန်ထက်မြက်သော မြန်မာအမျိုးသမီးများကို တွေ့မြင်ရသည်။ နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွင် ပါဝင်ထမ်းရွက်နေကြသောအမျိုးသမီးများ၊ နိုင်ငံတော်လုံခြုံရေးကဏ္ဍတွင် ပါဝင်ထမ်းရွက်နေကြသော အမျိုးသမီးများ၏ ရဲဝံ့သောစိတ်ဓာတ်၊ ဖွဲ့သတ္တိနှင့် စွမ်းဆောင်ချက်မှာ နိုင်ငံ့အတွက် ဂုဏ်ရှိန်မြင့်မားလှသည်။ ထို့ကြောင့် နှစ်စဉ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ရောက်ရှိတိုင်း နိုင်ငံတစ်ဝန်းရှိ ထူးချွန်သောအမျိုးသမီးကို ဂုဏ်ပြုလျက်ရှိသည်။ သူတို့သည်ထူးချွန်ထင်ရှားသည့် မြန်မာအမျိုးသမီးများဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ နိုင်ငံတော်လုံခြုံရေးတာဝန်၊ နိုင်ငံတော်ကျန်းမာရေးတာဝန်၊ နိုင်ငံတော်စီးပွားရေးတာဝန်၊ နိုင်ငံတော်ယဉ်ကျေးမှုအနုပညာတာဝန် စသည် စသည်ဖြင့်ဘက်ပေါင်းစုံ ကဏ္ဍစုံတွင် ထူးချွန်စွာပါဝင်ဆောင်ရွက်နေကြသည့် အမျိုးသမီးများစွာရှိသည်။

> **မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးအားလုံးအတွက် အကောင်းဆုံးသောလမ်းကြောင်းကို တည်ငြိမ်အေးချမ်းစွာလျှောက်လှမ်းနိုင်ရန် လမ်းကြောင်းလည်းပြ လက်တွဲခေါ်လျက်ရှိသည်။ ထို့ပြင် အမျိုးသမီးများ၏ဘဝခရီးလမ်းတွင် တွေ့ကြုံရမည့်ဆူးငြောင့်ခလုတ်များကိုလည်း ကြိုတင်သိမြင်နိုင်အောင်အသိပညာပေးလျက်ရှိပြီး လမ်းဆိုးကို မရွေးချယ်ဘဲ လမ်းကောင်းကိုလျှောက်လှမ်းနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ အဓိကအားဖြင့် နိုင်ငံတော်အတွက် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးနေခြင်းဖြစ်သည်။**

**စာမျက်နှာ ၁၄ သို့ ➡**

# ပြည်သူများအနေဖြင့် ကိုယ်တိုင်ကိုယ်ကျဆွေးနွေးခြင်း လှူဒါန်းခြင်းတို့ပြုလုပ်နိုင်ပါကြောင်း ကြော်ငြာခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် မိမိကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်အခက်အခဲများ၊ ထိခိုက်ပျက်စီးမှုများကိုလည်းကောင်း၊ မိမိတို့ကိုယ်တိုင်ပါဝင်ခဲ့သည့် ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအခြေအနေများကိုလည်းကောင်း ဝင်ရောက်ဆွေးနွေးခြင်းနှင့်လျောင်ဘေးသင့်ပြည်သူများအတွက် အလှူငွေ၊ အလှူပစ္စည်းဆက်သွယ်လှူဒါန်းခြင်းတို့ကို(www.myanmarearthquake.gov.mm)တွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

➡ **စာမျက်နှာ ၁၃ မှအဆက်**

ထို့ကြောင့် နှစ်စဉ်နှစ်တိုင်းတွင် ဇူလိုင်လ ၃ ရက်နေ့ရောက်သည်နှင့်မြန်မာအမျိုးသမီးများနေ့ကိုကျင်းပပြီး ဂုဏ်ပြုလျက်ရှိသည်မှာချီးမြှင့်ဂုဏ်ပြုထိုက်သူကို ချီးမြှင့်ထောက်ပံ့ခြင်းသည်မင်္ဂလာတစ်ပါးပင်ဖြစ်သည်။

လူမျိုးတိုင်းတွင်အမျိုးသား၊ အမျိုးသမီးဟူ၍ရှိကြပေရာ အမျိုးသမီးတို့၏အခန်းကဏ္ဍသည် အထူးပင်အရေးပါလှသည်။ မိမိတို့၏အမျိုးအနွယ်ကိုစောင့်ထိန်းခြင်းတွင် အမျိုးသမီးများကအဓိကဖြစ်သည်။ မြန်မာ့အစဉ်အလာသားသမီးဝတ်ငါးပါးတွင် **"ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်ကျင့်ဖွယ်သားတို့တာ"**ဟုဖော်ပြလမ်းညွှန်ထားသည်။ မိမိအမျိုးအနွယ် တိမ်ကောပပျောက်မသွားရအောင် အမျိုးကိုချစ်သောစိတ်မွေးမြူကာ အမျိုးကိုစောင့်ရှောက်ကြရန် စောင့်လေမျိုးနွယ်ဟူသောအပိုဒ်ကသတိပေးနှိုးဆော်ထားသည်။ ဥပမာအားဖြင့် မြန်မာ့သမိုင်းတွင် ကျန်စစ်သားမင်းကြီး၏သမီးတော် ရွှေအိမ်စည်သည် ဘာသာမတူ၊ လူမျိုးမတူသည့် ပဋိက္ခရားနှင့် သံယောဇဉ်ရှိခဲ့သော်လည်း မိမိမျိုးနွယ်ကိုစောင့်ရှောက်သောအားဖြင့် စောလူးမင်း၏သားတော် စောယွန်းနှင့် လက်ဆက်ခဲ့သောသာဓကရှိခဲ့သည်။ ထို့ကြောင့် ဒီပဲယင်းဝန်ထောက်ဦးမြဲ၏စကားဖြစ်သည့် **"မြေမျို၍လူမျိုးမပြုတ်၊ လူမျိုမှလူမျိုးပြုတ်မည်"** ဟူသောစကားကို ယနေ့တိုင် အလေးအနက်ထားကြရမည်ဖြစ်သည်။

မြန်မာတို့သည် မျိုးချစ်စိတ်ပြင်းထန်သူများဖြစ်ကြသည်။ မြန်မာအမျိုးသမီးတို့သည်လည်း မိမိအမျိုးအနွယ်ချစ်သည့်စိတ်ရှိကြသည်။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး ကိုယ့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကိုချစ်ခင်မြတ်နိုးသည့်စိတ်၊ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးကိုထိလျှင် မခံနိုင်အောင်နာတတ်သည့်စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲ ကိုယ့်တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားမည် ဆိုသည့်စိတ်ဓာတ်ဖြစ်သည်။ မိမိတိုင်းပြည်ကိုမချစ်သူသည် ဘာကိုမျှချစ်မည်မဟုတ်ဟူသောအဆိုတစ်ခုရှိသည်။ မိမိအမျိုးအနွယ်ကိုမစောင့်ထိန်းဘဲ တိုင်းတစ်ပါးကိုအထင်ကြီးသူများမှာ မိမိတို့၏ ဆွေစဉ်မျိုးဆက်ကို မိမိတို့ကိုယ်တိုင်ဖျောက်ဖျက်လိုက်ခြင်းဖြစ်သည်။

ကမ္ဘာပေါ်ရှိနိုင်ငံအများစုတွင် အမျိုးသမီးများနှင့်ပတ်သက်လာလျှင် မြန်မာနိုင်ငံကဲ့သို့အခွင့်အရေးပြည့်ဝစွာရရှိမှုနည်းပါးသည်။ ထို့ကြောင့် အမျိုးသမီးများနှင့်ပတ်သက်၍ အခွင့်အရေးတောင်းဆိုမှုများရှိလာသည်။ နိုင်ငံတကာအမျိုးသမီးလှုပ်ရှားမှုများပြုလုပ်ပြီး အမျိုးသမီးများသည် အမျိုးသားနှင့်တန်းတူအခွင့်အရေးများရရှိနိုင်ရန်၊ တန်းတူရည်တူဆက်ဆံခွင့်ရရှိရန်နှင့် အမျိုးသမီးများ၏စွမ်းပကားတောင်းဆိုလှုံ့ဆော်စည်းရုံးမှုများပြုလုပ်ရန် ဟူသောရည်ရွယ်ချက်သုံးရပ်ဖြင့် ကမ္ဘာ့အမျိုးသမီးညီလာခံများကို ကျင်းပလျက်ရှိသည်။ အဆိုပါညီလာခံများအနက် ၁၉၉၅ ခုနှစ် တရုတ်နိုင်ငံ ဘေဂျင်းမြို့တွင် ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံတွင် ဘေဂျင်းကြေညာစာတမ်း ပြဋ္ဌာန်းခဲ့သည်။ ထိုကြေညာစာတမ်းတွင် "အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတိုင်း၌ အမျိုးသားအဆင့်ယန္တရားဖွဲ့စည်းပြီး ဆောင်ရွက်သင့်သည့်ကဏ္ဍအပါအဝင် ကဏ္ဍကြီး (၁၂)ရပ် ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်သည့်အနေဖြင့် ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ (Myanmar National Committee on Women's Affairs) (MNCWA)ကို ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ယခုမြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီစတင်ဖွဲ့စည်းခဲ့သည့် **ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့**ဟု ဂုဏ်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မြန်မာနိုင်ငံရှိ မြန်မာအမျိုးသမီးအားလုံး နိုင်ငံနှင့်လူမျိုးကောင်းကျိုးပိုမိုသယ်ပိုးဆောင်ရွက်အောင်မြင်၍တိုးတက်သောလူမှုစီးပွားဘဝများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်းရေးသားလိုက်ရပေသည်။ ။

# ထူးမြတ်ကြည်ညို့ လဝါဆို

❖ ပုဂံခေတ်ဦး၊ ခေါ်ဖူးမယ်တာ
ပုဂံခေတ်နှောင်း၊ မည်ပြောင်းခဲ့နွေတာ
သွန်းဖြိုးစွေရွာ၊ မြေလွှာရေဖွေး
မိုးပုလဲပျို၊ ရွှဲရွှဲစို
ဝါဆိုမိုးလအေးသည်နှင့်လေး။

❖ ပုန်းညက်မုလေး၊ ဖြူဖွေးမွှေးအီ
ခါမီထွန်းပ၊ ကရကဋ်ရာသီ
စန်းလင်္ကာသဋ္ဌီ၊ ပြိုင်ညီလမင်း
ပွဲတော်ခြိမ့်ညံ၊ ပဉ္စင်းခံ
နိုင်ငံတစ်ဝန်းကျင်းသည်နှင့်လေး။

❖ ဝါဆိုလတွင်း၊ ကောင်းခြင်းစုံစွာ
သန္ဓေတောထွက်၊ ဓမ္မစက်ပြာဋ္ဌိဟာ
လပြည့်ချိန်ခါ၊ ရင်မှာစွဲမှတ်
ပန်းသင်္ကန်းလှူ၊ သီလယူ
ကြည်ဖြူဒါနမြတ်သည်နှင့်လေး။

❖ ဗုဒ္ဓဟောလတ်၊ ထူးမြတ်ဓမ္မစကြာ
ဝဂ္ဂီငါးပါး၊ နာကြားရှေးဦးစွာ
ရငြားသေချာ၊ သောတာပန်ကြ
သစ္စာလေးအင်၊ ဉာဏ်ရှုမြင်
ဆင်ခြင်အလင်းဓာတ်ရသည်နှင့်လေး။

❖ ဗုဒ္ဓညွှန်းပြ၊ လမ်းစနိဗ္ဗာန်
ဝါဆိုသင်္ကန်း၊ လှူဒါန်းကောင်းမှုမှန်
မင်္ဂလမ်းဆုပန်၊ ဖိုးတန်ကျိုးရှိ
ဓမ္မသံချို၊ လဝါဆို
ကြည်ညိုဦးခိုက်မိသည်နှင့်လေး။

❖ လပြည့်ဝါဆို တောင်းဆုဆို
နုပျိုလန်းတော့သည်။
မြတ်သည့်သဒ္ဓါကို ကောင်းမှုပို
ကုသိုလ်လျှမ်းတော့သည်။ ။

**မောင်မင်းသိမ်း(သရက်)**

# ဖြူးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများထုတ်ချေး

ဖြူး ဇူလိုင် ၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တံခွန်တိုင်ကျေးရွာဓမ္မာရုံ၌ ဆဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်စီမံကိန်းမှ ချေးငွေများပြန်လည်ထုတ်ချေးပေးခြင်းကို ဇွန်လ ၃၀ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်ဝန်ထမ်းများက စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းမူဘောင်နှင့်လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့်အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၄၄ သန်းကို တံခွန်တိုင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုဖြင့် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက တံခွန်တိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၇၉ ဦးကို ချေးငွေကျပ် ၃၃ ဒသမ ၆၄ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၂၆ ဦးကို ချေးငွေကျပ် ၇ ဒသမ ၈၀ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၄၁ ဒသမ ၄၄ သန်းအား အတိုးနှုန်းသက်သာစွာထုတ်ချေးပေးကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၇-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | | ကိုယ်လက်လှုပ်ရှားအားကစား |
| ၃။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၄။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၅။ | ၁၁:၀၀ | မြန်မာ့လက်သံ |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၇:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၉။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၀။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း လူပျိုကြီးနှင့်သူ့ရည်းစား(ပထမပိုင်း) သရုပ်ဆောင် - ရန်အောင်၊ မေသဥ္ဇာဦး ဒါရိုက်တာ ကြည်စိုးထွန်း** |

## MWD Education, Knowledge & Sports Channel

၂-၇-၂၀၂၅(ဗုဒ္ဓဟူး)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၂၅ | Grade - 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၅၆ | Grade - 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၅၆ - ၁၇:၃၄ | Grade - 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၇:၃၄ - ၁၉:၀၇ | Grade - 7 | သမိုင်း၊ သိပ္ပံ |

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ⇨ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ⇨ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ⇨ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ⇨ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ⇨ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ⇨ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ⇨ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ⇨ အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ⇨ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ⇨ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ⇨ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- ⇨ အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ⇨ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့်တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ⇨ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ⇨ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ⇨ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ⇨ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ⇨ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ⇨ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ⇨ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ⇨ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ⇨ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ⇨ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ⇨ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူး အမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ⇨ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ⇨ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
